# RESIDENT EVIL

## The Umbrella Conspiracy

S.D. Perry

# အမ်ဘ်ရဲလား
# လျှို့ဝှက်စီမံကိန်း

ငွေခေတ် (မြန်မာပြန်)

Book - 1

# နိဒါန်း

လက်သ်ဟမ်ဝီးခ်လီး၊ ဇွန်လ ၂ရက်၊ ၁၉၉၈ ခုနှစ်

ရက်ကွန်းစီးတီးတွင် သဘာဝလွန် လူသတ်မှုများ ဖြစ်ပွားခြင်း

အသက် ၄၂ နှစ်အရွယ် အန်နာမီတာခီ၏ တစ်စစီပုံပျက်နေသည့် အလောင်း အပိုင်းအစများကို ယမန်နေ့ နှောင်းပိုင်းက ရက်ကွန်းစီးတီး အနောက်မြောက်ဘက်ရှိ သူမ၏ နေအိမ်နှင့် မလှမ်းမကမ်းတွင် စွန့်ပစ်ထားသည် ကို ရှာဖွေတွေ့ရှိခဲ့သည် ။

သူမမှာ ပြီးခဲ့သောလက ဗစ်တိုရီရေကန်ခရိုင် အနီးတွင် တွေ့ရှိခဲ့သော "အသားစား လူသတ်ကောင်များ " ၏ လေးဦးမြောက် သားကောင် ဖြစ်သွားပုံရသည် ဟု ယူဆနိုင်စရာ အကြောင်းအရင်းများ ရှိနေခဲ့သည် ။

မီတာခီ၏ အလောင်းမှာ တစ်ဝက်တစ်ပျက် အစားခံထားရခြင်း လူသွားဖြင့် ကိုက်ဖြတ်ထားပုံ ပေါ်သော သွားရာများ တွေ့ရှိရခြင်း စသည့် အထောက်အထားများမှာ မကြာသေးမီက ဖြစ်ပွားခဲ့သည့် လူသတ်မှုများမှ အလောင်းများ ၏ သေမှုသေခင်း အစီအရင်ခံစာများ နှင့် ကိုက်ညီလျက် ရှိနေသည် ။

ယမန်နေ့ည ကိုးနာရီခန့်တွင် အပြေးလေ့ကျင့်ခန်း ပြုလုပ်နေသူနှစ်ဦးမှ မစ္စမီတာခီ၏ အလောင်းကို တွေ့ရှိခဲ့ပြီးသည့် နောက် မကြာခင်မှာ ပင် ရဲချုပ် အိုင်းယွန်းစ်က ရက်ကွန်းရဲတပ်ဖွဲ့(RPD) ၌ ဤကဲ့သို့ အလွန်စက်ဆုပ်ရွံရှာဖွယ် ရာဇဝတ်မှုများကို ကျူးလွန်နေသော တရားခံအား

ဖမ်းဆီးနိုင်အောင် ကြိုးကြိုးစားစား တာဝန် ထမ်းဆောင်ကြဖို့ အထူး တောင်းဆိုမှု တစ်ရပ်ကို အတိုချုပ် ထုတ်ပြန်

ကြေညာခဲ့သည် ။ လက်ရှိတွင် ရဲချုပ်သည် ရက်ကွန်းမြို့နေ ပြည်သူများ အတွက် ပိုမိုထိရောက်သည့် ကာကွယ်ရေး အစီအမံများ ချမှတ်နိုင်ရန် အတွက် မြို့တော် အာဏာပိုင်များ နှင့် ဆွေးနွေး တိုင်ပင်လျက် ရှိသည် ။

"အသားစား လူသတ်ကောင်များ " ၏ ကြောက်မက်ဖွယ်ရာ အလွန်အကြူး သတ်ဖြတ်မှုနှင့် ဆက်စပ်၍ လွန်ခဲ့သော ရက်သတ္တပတ် အချို့ကလည်း အခြားလူသုံးဦးမှာ ရက်ကွန်း တောအုပ်ထဲတွင် သတ္တဝါ တိုက်ခိုက်မှုဟု ယူဆရသော တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရသည် ။

ကပ်ဆိုက်သကဲ့သို့ လျှို့ဝှက် ဆန်းကြယ်သော သေဆုံးမှုများမှာ ခုနစ်ဦးထိ ဖြစ်လာ...

***

ရက်ကွန်းတိုင်းမ်၊ ဇွန်လ ၂၂ ရက်၊ ၁၉၉၈ ခုနှစ်

ရက်ကွန်းစီးတီးမှ ထိတ်လန့်ဖွယ် အဖြစ်အပျက်

နောက်ထပ် သတ်ဖြတ်ခံရသူများ

လူငယ်စုံတွဲ၏ အလောင်းများအား တွေ့ရှိ

ယခုနှစ်၏ မေလလယ်ခန့် ကတည်းကပင် မြို့တော်အား ခြိမ်းခြောက်လာခဲ့သည့် အကြမ်းဖက် ဖြစ်ရပ်များ ကြီးစိုးနေမှုအတွင်း ရှစ်ယောက်မြောက်နှင့် ကိုးယောက်မြောက် သားကောင်များ ဖြစ်လာခဲ့သည့် ဒင်းနီရှချ်နှင့် ခရစ္စတိုဖာစမစ် တို့ ၏ ရုပ်အလောင်းများအား တနင်္ဂနွေနေ့မနက် အစောပိုင်းက ဗစ်တိုရီပန်းခြံထဲတွင် တွေ့ရှိခဲ့သည် ။

သတ်ဖြတ်ခံရသူ နှစ်ဦးစလုံးမှာ အသက် ၁၉ နှစ်အရွယ် လူငယ်များ ဖြစ်

ကြပြီး ၎င်းတို့ မှာ စနေနေ့ည နှောင်းပိုင်းက စိုးရိမ်ပူပန်နေသော မိဘများ၏ လူပျောက် တိုင်ကြားခြင်း ခံထားရသူ နှစ်ဦးလည်း ဖြစ်သည် ။ အဆိုပါ လူငယ်နှစ်ဦး၏ ရုပ်အလောင်းများအား ရဲအရာရှိက ညနှစ်နာရီနီးပါးခန့် အချိန်၌ ဗစ်တိုရီရေကန်၏ အနောက်ဘက် ကမ်းပါးပေါ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည် ။

ရဲတပ်ဖွဲ့မှ တရားဝင် ထုတ်ပြန် ကြေညာခြင်း မရှိသော်လည်း ရှာဖွေတွေ့ရှိမှု သက်သေ အထောက်အထားများ အရ ထိုလူငယ်နှစ်ဦးလုံးမှာ ယခင်ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများမှ သားကောင်များကဲ့သို့ပင် တူညီသော ဒဏ်ရာများ ခံစားခဲ့ရကြောင်း အတည်ပြု နိုင်ခဲ့သည် ။ သို့ရာတွင် တိုက်ခိုက်သည့် အရာများမှာ လူလော တိရစ္ဆာန်လော အတည်ပြု ကြေညာနိုင်ခြင်း မရှိသေးပေ။

သေဆုံးသူ လူငယ်နှစ်ဦး၏ သူငယ်ချင်းဖြစ်သူက သူတို့ နှစ်ဦး ပျောက်ဆုံးမသွားမီက "တောခွေးများ " ကို ခြေရာခံမိသည့် ကောလာဟလ အကြောင်းကို ပြောဆို နေခဲ့ကြသည် ဟု ဆိုသည် ။

မကြာသေးမီကလည်း လူအများ ထင်ကြေးပေး စွပ်စွဲပြောဆို နေကြသလို ကောလာဟလများ ထွက်ပေါ်နေသည့် ညဘက်တွင် ကျက်စားသော သတ္တဝါ တစ်ကောင်တလေအား တွေ့မြင်ရနိုးနိုးနှင့် မြို့တော်တစ်ခွင် သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်ကို ချိုးဖောက်ကာ ပန်းခြံ၏ သစ်တော ထူထပ်သည့် ဧရိယာသို့ လာရောက် စောင့်ကြည့်သူများ လည်း ရှိနေခဲ့သည် ။

မြို့တော်ဝန် ဟားရစ်စ်မှာ ယနေ့ နေ့လယ်ပိုင်းတွင် သတင်းစာ ရှင်းလင်းပွဲ တရပ် ပြုလုပ်ရန် စီစဉ်ထားပြီး သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်အား အလွန် တင်းကျပ်စွာ ထုတ်ပြန်လိုက်ရသည့် အခြေအနေအထိ

ဆိုက်ရောက် လာစေသော လက်ရှိ ဖြစ်ပွားနေသည့် ကပ်ဆိုက်သလို ဘေးအန္တရာယ်ဆိုး အကြောင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ပြန် ကြေညာလိမ့်မည်ဟု မျှော်လင့်ရသည်။

***

စီးတီးဆိုက်ဒ်၊ ဇူလိုင်လ ၂၁ရက်၊ ၁၉၉၈ ခုနှစ်

ကယ်ဆယ်ရေးနှင့် ချေမှုန်းရေးတပ်ဖွဲ့ (S.T.A.R.S) အား ရက်ကွန်းစီးတီး တွင် လုံခြုံရေးတာဝန် ထမ်းဆောင်ရန် စေလွှတ်

ယခုပတ် အစောပိုင်းက ရက်ကွန်းတောအုပ် အတွင်း၌ ခြေကျင်တောင် တက် ခရီးကြမ်းသွားသူသုံးဦး ပျောက်ဆုံးနေမှုကြောင့် မြို့တော် အာဏာပိုင် များမှာ နောက်ဆုံးတွင် အာ့ခ်လေတောင်ခြေသို့ သွားသည့် ကျေးလက်တော လမ်း အမှတ် (၆)ကို ပိတ်ပစ်လိုက်ရသည်။

ရဲချုပ် ဘရိုင်ယန်အိုင်းယွန်းစ်က ပျောက်ဆုံးနေသည့် ခြေကျင်တောင် တက် ခရီးကြမ်း ထွက်သူများကို ရှာဖွေရန်နှင့် မိမိတို့ လူမှုအသိုက်အဝန်း ကို ဖျက်ဆီးနေသည့် လူသတ်ကောင်များ ၏ ထကြွ သောင်းကျန်းနေမှုကို လုံးဝ အဆုံးသတ် ပပျောက်သွားစေရန် အတွက် S.T.A.R.S တပ်ဖွဲ့ဝင်များမှာ အချိန်ပြည့်တာဝန် ထမ်းဆောင်ကြမည် ဖြစ်ပြီး ရက်ကွန်းရဲတပ်ဖွဲ့ (RPD)နှ င့် လည်း အတူတကွ ပူးပေါင်း ဆောင်ရွက် သွားမှာ

ဖြစ်ကြောင်း မနေ့က ကြေညာခဲ့သည်။

S.T.A.R.S တပ်ဖွဲ့ဝင်ဟောင်း တစ်ဦးလည်း ဖြစ်သူ ရဲချုပ်အိုင်းယွန်းစ်အား စီးတီးဆိုက်ဒ်၏ တယ်လီဖုန်းဖြင့် သီးသန့် အင်တာဗျူးမှုတွင် ဖြေကြားခဲ့ သည် မှာ ...

အများ ပြည်သူ လုံခြုံရေး စောင့်ရှောက်မှု တာဝန်မှာ စိတ်ရောကိုယ်ပါ

မြှုပ်နှံထားကြတဲ့ ဒီအမျိုးသား အမျိုးသမီးတွေ အတွက်တော့ အခုချိန်ဟာ မြို့တော် လုံခြုံရေး အတွက် သူတို့ ရဲ့ စွမ်းဆောင်ရည်တွေကို အပြည့်အဝ ထုတ်ဖော်ကြရမယ့် အချိန်ပါပဲ။

နှစ်လတောင် မပြည့်သေးတဲ့ အချိန်အတွင်းမှာ အင်မတန် ရက်စက် ကြမ်းကြုတ်တဲ့ လူသတ်မှုပေါင်း ကိုးမှုဖြစ်ပွားခဲ့ပြီး အနည်းဆုံး လူငါးဦး လောက် ပျောက်ဆုံး နေပါတယ်။

မကြာခဏ ဖြစ်ပွားနေတဲ့ ဒီမှုခင်းတွေ အားလုံးဟာ ရက်ကွန်းတောအုပ်ရဲ့ အနီးတစ်ဝိုက်မှာ ပဲ ဖြစ်ပွားနေတာပါ။ ဒါကြောင့် ဒီရာဇဝတ်မှုတွေကို ကျူးလွန်နေတဲ့ သူတွေဟာ ဗစ်တိုရီရေကန်ဒေသရဲ့ တစ်နေရာရာမှာ ခို အောင်း နေကြတယ်လို့ ကျွန်တော်တို့ အတွက် ယုံကြည်နိုင်စရာ အထောက်အထားတွေ ဖြစ်လာနေပါတယ်။

S.T.A.R.S တပ်ဖွဲ့ဝင်တွေဟာ ဒီလိုမျိုး ရာဇဝတ်ကောင်တွေကို ရှာဖွေ ဖမ်းဆီးမှု အတွေ့အကြုံတွေ ရှိနေပြီးသားပါ။

ဘာကြောင့် အရင်ကတည်းကပဲ S.T.A.R.S တပ်ဖွဲ့ဝင်တွေကို ဒီမှုခင်းတွေ ကို ကိုင်တွယ်ဖို့ တာဝန် မပေးခဲ့တာလဲလို့ မေးမြန်းချိန်မှာ တော့ ရဲချုပ်အိုင်း ယွန်းစ်က ...

S.T.A.R.S တပ်ဖွဲ့ဟာ ရက်ကွန်းရဲတပ်ဖွဲ့(RPD)ကို ဒီလိုဖြစ်ရပ်တွေ မ ဖြစ်ပွားခင် ကတည်းက ကူညီနေခဲ့တာပါ အခုကတော့ သူတို့ က ဒီ ရာဇဝတ်မှုတွေကို အချိန်ပြည့် ကိုင်တွယ်ဖို့ အထူးတပ်ဖွဲ့ အနေနဲ့ ပူးပေါင်း တာဝန် ထမ်းဆောင်ကြတဲ့ အနေအထားပေါ့ဗျာ ... ဟု ပြန်လည် ဖြေကြားခဲ့ သည် ။

S.T.A.R.S တပ်ဖွဲ့ကို ၁၉၆၇ ခုနှစ်တွင် နယူးယော့ခ်မြို့၌ ပုဂ္ဂလိက ရန်ပုံငွေ များ ဖြင့် တည်ထောင်ခဲ့ပြီး မူလက ဘာသာရေး အစွန်းရောက်

အကြမ်းဖက်မှုများ တိုက်ဖျက်ရေး အဖွဲ့အစည်းတစ်ခု အနေဖြင့် CIA နှင့် FBI နှစ်ခုလုံးမှ အငြိမ်းစား စစ်ဖက်ဆိုင်ရာ အရာရှိများ ၎င်းတို့ ၏ မူလ နယ်ပယ်ဟောင်းတွင် ပြန်လည် လုပ်ကိုင်နိုင်ရန် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည် ။

အမျိုးသား လုံခြုံရေးနှင့် ကာကွယ်ရေး အေဂျင်စီ (NSDA) ဒါရိုက်တာဟောင်း ဖြစ်သူ မာကိုပယ်လ်မိုင်ယာရီ၏ ကြီးကြပ်မှုအောက်တွင် အဖွဲ့မှာ လျင်မြန်စွာ ကျယ်ပြန့်လာခဲ့ပြီး ခားစာခံများ အရေးကို ညှိနှိုင်း ဆွေးနွေးရခြင်းမှ အဓိကရုဏ်း နှိမ်နင်းရေးများ ထိ အရာရာတိုင်း နီးပါးတွင် တာဝန်ထမ်းဆောင် လာကြရကာ နယ်မြေခံ ရဲတပ်ဖွဲ့များ နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြသည် ။

S.T.A.R.S ၏ ရုံးခွဲတိုင်းကို ဌာနချုပ်ကဲ့သို့ပင် ကိုယ်တိုင် ပြီးပြည့်စုံသော လုပ်ငန်း တာဝန်များ ဆောင်ရွက်နိုင်စေရန် အထူး ဒီဇိုင်းဆွဲထားသည် ။

S.T.A.R.S ၏ ရက်ကွန်းစီးတီးရှိ ရုံးခွဲကို ၁၉၇၂ ခုနှစ်တွင် ဒေသခံ စီးပွားရေး လုပ်ငန်း အချို့၏ ရန်ပုံငွေ မတည်ပေးမှုဖြင့် တည်ထောင်ခဲ့ပြီး လက်ရှိတွင် ရာထူးတိုးဖြင့် ပြောင်းရွှေ့လာသည် မှာ ခြောက်လ မပြည့်သေးသည့် ကပ္ပတိန် အဲလ်ဘတ်ဝက်စ်ကာမှ ဦးဆောင်လျက် ရှိသည် ။

***

## Chapter (1)

ဂျေးလ်တစ်ယောက် အရေးပေါ် အစည်းအဝေး တက်ဖို့ အချိန် နောက်ကျနေလေပြီ။ အိမ်ရှေ့တံခါးမဆီသို့ ကမန်းကတန်း လျှောက်လာရင်း သူမ၏ သော့တွဲကို ကော်ဖီခွက်ထဲသို့ မည်သို့မည်ပုံ ထည့်လိုက်မိမှန်း မသိချေ။ ခွက်ထဲသို့ သော့တွဲကျသံသဲ့သဲ့ ကြားလိုက်ရတော့မှ သူမမှာ အလျင်စလို ခြေလှမ်းများကို ရပ်လိုက်ရပြီး အငွေ့ တထောင်းထောင်း ထွက်နေသော ကြွေမတ်ခွက်ကို မယုံနိုင်စွာ ငေးကြည့် နေမိသည် ။ သူမ၏

ချိုင်းကြားတွင် ညှပ်ယူလာသော ထူထဲသည့် ဖိုင်တွဲများမှာ လည်း လျှောခနဲ ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားပြီး စက္ကူညှပ်ကလစ်များ နှင့် ကပ်နေသော မှတ်စု စာရွက်များမှာ အညိုရောင်ကြမ်းခင်း ကော်ဇောပေါ်တွင် ပြန့်ကျဲသွား၏။

"အာ ... ဒုက္ခပဲ ..."

သူမမှာ နာရီကို တစ်ချက် ပြန်ကြည့်လိုက်မိရင်း ကော်ဖီခွက်ကို ကိုင်ကာ မီးဖိုချောင်သို့ ပြန်လှည့်လာခဲ့ရ ပြန်သည် ။ ကပ္ပတိန်ဝက်စ်ကာက အစည်းအဝေးခန်းမသို့ အရောက်လာဖို့ ၁၉၀၀ နာရီသာ အချိန်ပေးထား၏။ ဆိုလိုသည် မှာ သူမသည် ဆယ်မိနစ်မျှ ကားမောင်းရမည့် ခရီးကို ကိုးမိနစ်နှင့် အရောက် လာပြီးနောက် ကားပါကင်နေရာ ရှာသည် မှ အစည်းအဝေးခန်း ထိုင်ခုံတွင် ထိုင်မိသည် အထိ အချိန် မဆိုစလောက်သာ

ရတော့မည် ဖြစ်သည် ။

ဒီအစည်းအဝေး ... ငရဲကေ့စ်ကို S.T.A.R.S တပ်ဖွဲ့မှ တာဝန်ယူ ကိုင်တွယ်ရပြီးသည့် နောက် အမှုအကြောင်းအား ပထမဆုံးအကြိမ် အဖြစ် အသေးစိတ် ထုတ်ဖော် ဆွေးနွေးမည့် အစည်းအဝေး ... ရက်ကွန်းစီးတီး ဌာနခွဲသို့ သူမတာဝန်ကျ ပြောင်းရွှေ့လာပြီးသည့် နောက် ပထမဆုံးအကြိမ် တက်ရောက်ရမည့် တကယ့်ထိပ်သီး အစည်းအဝေးကြီး စတင်မည့် အချိန်ကျမှ သူမ နောက်ကျ ပေတော့မည်။

တာဝန် ထမ်းဆောင်ခဲ့သည့် နှစ်ပေါင်းများ စွာအတွင်း ပထမဆုံး အကြိမ် အဖြစ် အစည်းအဝေးသို့ အချိန်မီ မရောက်နိုင်ခြင်း အတွက် သူမမှာ တကယ့်ကို စိတ်မပူသည့် ပုံစံမျိုး ဖြစ်နေမလားတော့ မသိပေ။

စောစောစီးစီး အဆင်သင့်ဖြစ်အောင် လုပ်မထားမိသည့် အတွက် သူမ ကိုယ်သူမ ဒေါသထွက်ခြင်းတို့ ဖြင့် ဖိစီးနေလျက်ကပင် စိတ်ပျက်လက်ပျက်

ညည်းညူရင်း ပန်းကန်ဆေးကန်ဆီသို့ အလျင်စလို ပြေးရပြန်သည် ။

ဒီအမှုကြောင့် ... ဒီသောက်အမှုကြောင့် ...။

သူမမှာ မနက်စာ စားပြီးသည် နှင့် တစ်ပြိုင်နက် မိမိအမှုတွဲဟု အမည်တပ်ထားသည့် မိတ္တူစာရွက်များကို ကောက်ကိုင်ကာ အစီရင်ခံစာ တစ်ခုလုံး၌ ရဲများ သတိမမူ ချွတ်ချော်ခဲ့သည့် အချက်အလက် တစ်စုံတစ်ရာ တွေ့လေမလားဟု ရှာဖွေရင်း အချိန်ကုန်နေခဲ့၏။ တစ်နေ့လုံးသာ ကုန်သွားသည် ။ စိတ်ပျက် လက်ပျက် ခံစားချက်များ ပို၍ တိုးလာသည် မှ အပ ထူးထူးခြားခြား အချက်အလက် တစ်ခုတလေမှ ရှာမတွေ့ခဲ့ပေ။

ဂျေးလ်မှာ မတ်ခွက်ကို ဆောင့်ချလိုက်ကာ ပူနွေး စိုစွတ်နေသည့် သော့တွဲကို သူမ၏ ဂျင်းဘောင်းဘီတွင် ပွတ်သုတ်ပစ်လိုက်ပြီး ကမန်းကတန်းပင် အိမ်ရှေ့တံခါးမဆီသို့ ပြန်ထွက်လာကာ ကြမ်းပြင်တွင် ပြန့်ကျဲနေသည့် ဖိုင်တွဲများကို ကုန်းကောက်လိုက်၏။ ဖိုင်တွဲများကို ပြန်စီနေရင်းမှ တစ်ပိုင်းတစ်စ ထွက်နေသော ရောင်စုံဓာတ်ပုံကြောင့် လှုပ်ရှားမှုများ ရပ်တန့်ကာ ငေးစိုက် ငုံ့ကြည့်နေမိသည် ။

"အိုး... ကလေးရယ်"

သူမမှာ ဓာတ်ပုံအား လေးကန်စွာ ကောက်ယူလိုက်မိ၏။ အချိန်မရှိတော့မှန်း သိလျက်နှင့် ပင် ဓာတ်ပုံထဲမှ သွေးအလိမ်းလိမ်း လူးနေသော မျက်နှာလေးများကို အကြည့်လွှဲဖို့ မတတ်နိုင်ပေ။

သူမမှာ စိတ်ပင်ပန်းမှုဖြင့် ခိုးလိုးခုလုဖြစ်နေပြီး ထိုခံစားချက်မှာ တစ်နေကုန် လာသည် နှင့် အမျှ တိုး၍ တိုး၍ ပြင်းထန်လာသည် ။

မှုခင်းဓာတ်ပုံများကို ငေးကြည့်နေရင်း ဂျေးလ် အသက် ခက်ခက်ခဲခဲ ရှူလိုက်ရသည် ။

"ဘက်ကီ" နှင့် "ပရစ်ဆယ်လာမက်ဂီ" အသက် ကိုးနှစ်နှင့် ခုနစ်နှစ် အရွယ် ကလေးများ ။

ငါ့အတွက် ပြန်သတိရချင်စရာ ဘာအကြောင်းမှ မရှိဘူးဟု သူမကိုယ်သူမ သတိပေးနေရင်းကပင် အတွေးများမှာ အစောပိုင်း အတိတ်ကာလသို့ ပြန် ပြောင်း ရောက်ရှိ သွားပြန်သည် ။

"နင် ကိုယ့်စိတ်ကို ကိုယ်ပြန်လိမ်နေတာ မဟုတ်လား... ဘယ်လောက်ပဲ ငြင်းငြင်း အခုတော့ အရာရာတိုင်းဟာ ပြောင်းလဲသွားပြီဆိုတာ ဝန်ခံရမှာ ပဲ... သူတို့ သေတဲ့ နေ့ရက်ကစပြီး အားလုံး ပြောင်းလဲသွားခဲ့ပြီ..."

ဂျေးလ် ပထမဆုံး ရက်ကွန်းစီးတီးသို့ ပြောင်းရွှေ့ တာဝန်ကျလာခဲ့စဉ်က ပြောင်းရွှေ့ ရခြင်းအပေါ် မသေချာ မရေရာသည့် ခံစားချက်များ နှင့် စိတ် ဖိစီးမှု တစ်ပုံတစ်ပင် အောက်တွင် S .T .A .R .S တပ်ဖွဲ့၌ ဆက်လက် တာဝန် ထမ်းဆောင်ချင်စိတ် ရှိပါသေးရဲ့ လားဟု စဉ်းစားမရအောင် ဖြစ်ခဲ့ရသည် ။ သူမမှာ ထူးချွန်သော ဝန်ထမ်းကောင်း တစ်ဦးဟု ဆိုနိုင်သည် ။ သို့ရာတွင် သူမ ဤအလုပ်ထဲသို့ ရောက်လာခဲ့ရခြင်းမှာ

ဒစ်ကြောင့် ဖြစ်သည် ။ တရားစွဲ ခံရပြီးနောက်တွင် သူက သူမအား တခြားအလုပ် ပြောင်းလုပ်ဖို့ စတင် ဖိအားပေးလာခဲ့၏။ အမှုမှာ သိပ်မကြာ လိုက်ပဲ ပြီးပြတ် သွားခဲ့သော်လည်း သူမ၏ အဖေမှာ ဖွဲ့နပဲကြီးစွာပင် ထပ် ခါတလဲလဲ တိုက်တွန်းနေခဲ့သည် ။ ဗယ်လင်တိုင်း တစ်ယောက် အချုပ်ထဲ ရောက်နေတာနဲ့ တင် တော်လောက်ပြီ။ သူမကို သူ့ခြေရာ နင်းနိုင်အောင် လုပ်ခဲ့မိခြင်းမှာ အမှားကြီး မှားသည် ဟု ပင် ဝန်ခံ၏။

သူမ၏ လေ့ကျင့်မှုနှင့် နောက်ကြောင်း ရာဇဝင်အရ အလုပ် ရွေးချယ်စရာ များများ စားစား မရှိသလောက် ဖြစ်သော်လည်း အနည်းဆုံးတော့ S.T.A.R.S တပ်ဖွဲ့မှာ သူမ၏ အရည်အချင်းကို အသိအမှတ် ပြုပေးပြီး သူတို့

ထံသို့ သူမ မည်သို့ ရောက်လာခြင်းကို ဂရုမစိုက်ကြပေ။

ပေးဆပ်ရမှုက မျှတပါ၏။ ပြန်တွေးကြည့်သော် သူမဘဝတစ်လျှောက် ရင့်သန်လာခဲ့သည့် အန္တရာယ်ထဲတွင် မွေ့လျော်တတ်သော ဗီဇက ပြောင်းလဲလိုက်သော အလုပ်အကိုင်တွင် လည်း အံ့ဩစရာ ကောင်းလောက်အောင် လွယ်ကူနေစေသည် ။

ထိုအခြင်းအရာကို မြင်ရသည့် က ဒစ်ကို ပျော်ရွှင်စေပြီး သူမကို ရှေ့ဆက်ရှင်သန် သွားရမည့် ဘဝကို တွေ့ရှိနိုင်မည့် အခွင့်အလမ်းကို ပေးခဲ့သည် ။ အပြောင်းအရွှေ့က သူမ နားလည်ထားသည် ထက်ပင် ခက်ခဲနေဆဲပင်။ ဒစ်ထွက်သွားပြီး ကတည်းက ပထမဆုံးအကြိမ် အဖြစ် သူမမှာ တကယ့်ကို အထီးကျန် ဆန်နေသလို ခံစားရ၏။ ဥပဒေ ဘက်တော်သား တစ်ဦးအဖြစ် လုပ်ကိုင် နေရသည် မှာ လည်း ဟာသပြက်လုံး တစ်ခုနှင့် တူလာသလိုပင်။

ဒစ်ဗယ်လင်တိုင်းရဲ့ သမီးက အမှန်တရား တရားမျှတမှုနဲ့ အမေရိကန် လမ်းစဉ်အတွက် အလုပ် လုပ်နေသတဲ့ လား။

ဂျေးလ် အယ်လ်ဖာတပ်ဖွဲ့ဆီသို့ ရာထူးတိုး ပြောင်းရွှေ့ လာသောအခါ မြို့ဆင်ခြေဖုံးရှိ ကောင်းမွန်သော အိမ်ငယ်လေး တစ်လုံးတွင် နေရသည် ။ သူမအတွက်တော့ ရူးချင်စရာပင်။ ဂျေးလ်မှာ အရာအားလုံးကို လက်လျှော့စွန့်လွှတ်ကာ ဒီမြို့က ထွက်သွားပြီး တစ်ချိန်က သူမဘဝဟောင်းသို့ ပြန်သွားပစ် လိုက်ချင်သည့် မိုက်ရူးရဲ အတွေးများ ပင် တွေးမိလာ၏။ လမ်းတစ်ဖက်ခြမ်းတွင် နေထိုင်သည့်

မိန်းကလေးငယ်နှစ်ဦး မျက်ရည်လည်ရွဲဖြင့် သူမ၏ အိမ်တံခါးဝသို့ ရောက်မလာခင် အထိပေါ့။

ထိုမိန်းကလေးငယ် နှစ်ယောက်က သူမဟာ တကယ့်ရဲအရာရှိ တစ်ယောက်လားဟု မေးပြီး သူတို့ ရဲ့ မိဘများမှာ အလုပ် သွားနေကြကြောင်း

ပြီးတော့ သူတို့ ရဲ့ ခွေးလေး ပျောက်နေကြောင်း အကူအညီ တောင်းလာကြ၏။ ဘက်ကီမှာ အစိမ်းရောင် ကျောင်းဝတ်စုံ ဝတ်ထားပြီး ပရစ်စ်မှာ အပေါ်အင်္ကျီကို ဝတ်ဆင်ထားကာ ကလေးမလေး နှစ်ဦးလုံးမှာ နှာခေါင်းလေး တရှုပ်ရှုပ်နှင့် တွန့်ဆုတ်ဆုတ် ဖြစ်နေကြသည် ။

သိပ်ကြာကြာ မရှာဖွေလိုက်ရပဲ ဘလောက် အနည်းငယ်မျှသာ လှမ်းသည့် ဥယျာဉ်ထဲတွင် လျှောက်သွားနေသော ခွေးကလေးကို ပြန်လည်ရှာတွေ့ပြီး နောက်ပိုင်းတွင် သူမမှာ လည်း မိတ်ဆွေသစ် နှစ်ဦး ရလာခဲ့၏။

ထိုညီအစ်မ နှစ်ယောက်မှာ ချက်ချင်းပင် ဂျေးလ်အတွက် မွေးစား သမီးလေးများ သဖွယ် ဖြစ်လာကြပြီး သူမတို့ ကျောင်းဆင်းချိန်တိုင်း မသေမသပ် စည်းနှောင်ထားသည့် ပန်းစည်းများကို ဂျေးလ်အတွက် ယူလာပေးလေ့ရှိ၏။ ကျောင်းပိတ်ရက်များ ၌  သူမ၏ ခြံဝင်းထဲတွင် ဆော့ကစားကြရင်း သူတို့ ကြည့်ဖူးသည့် ရုပ်ရှင်နှင့် ကာတွန်းများ ထံမှ ရလာသော သီချင်းများကို မမောနိုင်မပန်းနိုင် အော်ဟစ် သီဆိုကြသည် ။

မိန်းကလေးများကြောင့် သူမ၏ သဘောထားမှာ အံ့သြဖွယ်ရာ ပြောင်းလဲလာခဲ့သည် ။ အထီးကျန်ဆန်မှုများ လျော့ပါး သွားရသည် ဟု မဆိုနိုင်လျှင်တောင် သူမ၏ စွန့်ခွာ သွားလိုက်ချင်သော အတွေးများကို လတ်တလော မတွေးမိအောင် ဆွဲဆောင် ထားနိုင်သည် ဟု ဆိုရပေမည်။ သူမ အသက် နှစ်ဆယ့်သုံးနှစ် အရွယ်တွင် ပထမဆုံးအကြိမ် အဖြစ် မိမိကိုယ်မိမိ ကိုယ်ရှင်သန်နေထိုင် လုပ်ကိုင်နေရသော လူ့အဖွဲ့အစည်း၏

အစိတ်အပိုင်း တစ်ခုအဖြစ် စတင် ခံစားမိလာခဲ့သည် ။ ဤအပြောင်းအလဲမှာ အလွန် သိမ်မွေ့လှသောကြောင့် သူမ တဖြည်းဖြည်းသာ သတိပြုမိလာခဲ့ခြင်း ဖြစ်၏။

လွန်ခဲ့သော ရက်သတ္တပတ် ခြောက်ပတ် အကြာက...

ဘက်ကီနှင့် ပရစ်စ်တို့ မှာ ဗစ်တိုရီပန်းခြံထဲသို့ ပျော်ပွဲစား ထွက်ကြစဉ် မိဘများ ၏ အဝေးတွင် လှည့်လည် သွားလာနေကြချိန် စိတ္တဇ လူသတ်ကောင်များ ၏ ပထမဆုံး သားကောင်နှစ်ဦး ဖြစ်သွားခဲ့ရရှာသည် ။

ထိုအချိန်မှ စ၍ မြို့တော်မှာ အကြမ်းဖက် ခြိမ်းခြောက်မှုထဲသို့ ကျရောက်ခဲ့သည် ။

ဓာတ်ပုံ ကိုင်ထားသောလက်မှာ အနည်းငယ် တုန်ယင်နေသည် ။ သူမမှာ ဆုံးရှုံးစရာ မကျန်တော့သလို ခံစားနေရသည် ။

ဘက်ကီမှာ ပက်လက်ကလေး လဲနေပြီး မမြင်နိုင်တော့သော မျက်လုံးအစုံက ကောင်းကင်ကို ငေးကြည့် နေသယောင်ပင်။ သူမ၏ ဝမ်းဗိုက်မှာ ဟောင်းလောင်း ပေါက်နေသည် ။ ပရစ်စ်မှာ ဘက်ကီ၏ အနီးတွင် လက်များကို ဆန့်တန်းလျက် ကိုးရိုးကားရား လဲနေပြီး သေးသေးသွယ်သွယ် ခြေလက်လေးများ ပေါ်တွင် ရက်ရက်စက်စက် ဆုတ်ဖြဲခံထားရသည့် ဒဏ်ရာများမှ အသား အတုံးအတစ်များ ထွက်နေသည် ။

ကလေးနှစ်ယောက်စလုံးမှာ ကိုယ်တွင်းကလီစာများ ထုတ်ယူခံထားရကာ သွေးထွက် မလွန်ခင်မှာ ပင် သေနိုင်လောက်သော အလွန်များ ပြားသည့် ဒဏ်ရာများ ရထားသည် ။ သူတို့ အော်ဟစ် အကူအညီ တောင်းခဲ့ကြလျှင်လည်း မည်သူမှ အသံမကြားခဲ့ကြပေ။

"တော်ပြီ ဆက်မတွေးနဲ့ တော့... သူတို့ တွေ သေသွားပြီ... နင် နောက်ဆုံးမှာ ဒီအမှုအတွက် တစ်ခုခုတော့ လုပ်နိုင်မှာ ပါ"

ဂျေးလ် စာရွက်များကို ဟိုစမ်းဒီစမ်းနှင့် ကောက်ယူ၍ ဖိုင်တွဲထဲသို့ ပြန်ထည့်လိုက်ပြီး အိမ်အပြင်ဘက် အစောပိုင်း ညနေခင်း နေရောင်အောက်သို့ ထွက်ကာ အသက်ပြင်းပြင်း ရှူရှိုက်လိုက်သည် ။

နေရှိန်ကြောင့် ပူနွေးလျက်ရှိသည့် လေထုထဲတွင် လောလောလတ်လတ် ရိတ်ဖြတ်ထားသော မြက်ခင်းရနံ့များ ပြည့်လျှံနေသည် ။ လမ်း၏ တစ်နေရာရာ၌ ဆူညံစွာ အော်ဟစ်နေကြသည့် ကလေးများကြားတွင် ခွေးတကောင်က ပျော်မြူးစွာ ဟောင်နေသံကိုလည်း ကြားရ၏။ ဂျေးလ် အိမ်ရှေ့ လူသွားလမ်းပေါ်တွင် ထိုးရပ်ထားသော အပွန်းအစင်းရာများ နှင့် မီးခိုးရောင် နောက်ဖုံးဖွင့် ကားလေးဆီသို့ ကပျာကယာ ပြေးသွားသည် ။

ကားစက်နှိုးနေစဉ်တွင် သူမမှာ တိတ်ဆိတ် ငြိမ်သက်နေသော မက်ဂီ အိမ်ဘက်ကို မကြည့်မိအောင် စိတ်တင်းထားရင်း ကားကို ပလက်ဖောင်းပေါ်မှ ချလိုက်သည် ။

ဂျေးလ်မှာ အိမ်နီးချင်းများ ၏ ကျယ်ဝန်းလှသော ဆင်ခြေဖုံး လမ်းများကို ဖြတ်သန်းလာရင်း ကားမှန်ကို ချလိုက်သည် ။ သတ်မှတ် အမြန်နှုန်းသို့ အရှိန်တင်လိုက် သော်လည်း လမ်းပေါ်တွင် ကလေးများ နှင့် တိရစ္ဆာန်များ ရှိမရှိကို ဂရုတစိုက် ကြည့်၍ မောင်းလာသည် ။ ပတ်ဝန်းကျင်မှ သူများကို သိပ်မတွေ့ရတော့ပေ။ ဘေးအန္တရာယ်များ စတင် ဖြစ်ပွားလာကတည်းက တစ်စထက်တစ်စ လူအများ စုမှာ သူတို့ ၏ ကလေးများ

နှင့် အိမ်မွေးတိရစ္ဆာန်များကို နေ့ဘက် အချိန်တွင် တောင် အိမ်ပြင်သို့ မထွက်စေတော့ပေ။

နောက်ဖုံးဖွင့် ကားလေးမှာ အမှတ် ၂၀၂ အမြန် လမ်းမကြီးပေါ်သို့ အရှိန်မြှင့်၍ တက်လိုက်စဉ် တုန်ခါသွားသည် ။ ခြောက်သွေ့ နွေးထွေးသော လေထုက သူမမျက်နှာကို ဖြတ်သန်းလျက် ရှည်လျား နက်မှောင်သော ဆံပင်များကို တိုးဝှေ့တိုက်ခတ် နေသည် ။ အိပ်မက်ဆိုးမှ နိုးထလာရသလို မျိုး ခံစားချက်က ကောင်းမွန်လှသည် ။

ညနေခင်း နေပြောက်လေးများ နှင့် သစ်ပင်များ ၏ ရှည်လျားသော အရိပ်

များ ကျနေသော လမ်းပေါ်တွင် ကားကို အရှိန်တင်လျက် မောင်းနှင်လိုက်၏။

ကံအကြောင်းတရားကြောင့် ဖြစ်စေ တိုက်ဆိုင်မှုကြောင့် ပင် ဖြစ်စေ ရက်ကွန်းစီးတီးတွင် ဖြစ်ပွားနေသော အမှုများက သူမ၏ ဘဝကိုလည်း လွှမ်းမိုးလာခဲ့သည် ။ သူမမှာ အဖမ်းမခံရစေရန် ကြိုးစားနေရသော အဖေ စိတ်ချမ်းသာဖို့ ဘဝဟောင်းမှ ရုန်းထွက်ရန် ကြိုးစားနေသော စိတ်ကုန်နေသည့် သူခိုးဟောင်းတစ်ဦး အဖြစ် ဆက်လက် ဟန်ဆောင် မနေနိုင်တော့ပေ။ ထို့ကြောင့် ပင် S.T.A.R.S. တပ်ဖွဲ့နှင့် ရှေ့ဆက် အလုပ်လုပ်စရာ

ရှိသေးသည် ဆိုပါက ဤကိစ္စကြောင့် သာ ဖြစ်ပေလိမ့်မည်။ ကလေးတွေ သေရသည် ။ ပြီးတော့ လူသတ်ကောင်ဟာ လွတ်မြောက်နေဆဲ ဖြစ်ပြီး ထပ်မံ သတ်ဖြတ်နိုင်သေးသည် ဆိုသော ကိစ္စပင်။

သူမ ဘေးတွင် ချထားသော ဖိုင်များ ၏ အပေါ်ဆုံး ဖိုင်တွဲကို လေတိုးသောကြောင့် သေဆုံးမှု အမှုတွဲဖိုင်များမှာ တဖျတ်ဖျတ် လှုပ်ခါနေသည် ။ မငြိမ်းချမ်းနိုင်သေးသော ဝိညာဉ်ကိုးခုက အသိပေးနေသည့် အလားပင်။ သူတို့ ထဲတွင် ဘက်ကီနှင့် ပရစ်ဆယ်လာမက်ဂီတို့ နှစ်ယောက်လည်း ပါကောင်း ပါနေနိုင်သည် ။ သူမက ညာလက်ကို ဖရိုဖရဲဖြစ်နေသည့် စာရွက်ပုံပေါ်သို့ ညင်သာစွာ တင်လိုက်ပြီး ဘာတွေပဲဖြစ်ဖြစ်

တရားခံကို မတွေ့တွေ့အောင် ရှာမည်ဟု ကိုယ့်ကိုယ်ကိုယ် ကတိသစ္စာပြုလိုက်၏။ အတိတ်တုန်းက ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ အနာဂတ်မှာ လည်း ဘာတွေပဲ ဖြစ်လာဖြစ်လာ သူမကတော့ ပြောင်းလဲသွားပြီ။ ဒီလူသတ်ကောင်တွေ သူတို့ ရဲ့ အပြစ်ကို ရိုးသားစွာ ဝန်မခံမချင်း သူမအနား မယူနိုင်တော့ပေ။

***

"ယို... ခရစ်စ်"

ခရစ်စ် ဆိုဒါစက်နားက လှည့်ထွက်လိုက်စဉ် ဖောရက်စပီးယားမှာ လူသူ ကင်းမဲ့နေသော ခန်းမထဲက ထွက် လာပြီး သူ့ထံသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာသည် ကို မြင်လိုက်ရသည် ။ နေလောင်ထားသော ပိျုမြစ်သည့် မျက်နှာက အားရပါးရ ပြုံးပြလာသည် ။ ဖောရက်စ်မှာ တကယ်တော့ ခရစ် စ်ထက် နှစ်အနည်းငယ်မျှ ပိုအသက်ကြီးသော်လည်း ဆံပင်ရှည်ရှည် သတ္တု ချွန်များ တပ်ထားသော ဂျင်းဂျာကင် လက်ဝဲပခုံးပေါ်တွင် စီးကရက်

သောက်နေသော အရိုးခေါင်းပုံစံ တက်တူးတို့ ဖြင့် ဆိုဆုံးမရခက်သော ဆယ်ကျော်သက်အရွယ် ပုံမျိုးဖြစ်နေသည် ။ ဖောရက်စ်ဟာ အတော်ဆုံး မ က္ကင်းနစ်တစ်ဦးလည်း ဖြစ်သလို ခရစ်စ် အက်ရှင် ဇာတ်လမ်းများ ထဲ တွင် သာ မြင်ဖူးသော အကောင်းဆုံး သေနတ်ပစ်ချက်မျိုးကို ပစ်ခတ်နိုင်သ ည့် သေနတ်သမားလည်း ဖြစ်၏။

"ဟေး... ဖောရက်စ်... ဘာအကြောင်းထူးလဲ"

ခရစ်စ် စက်ထဲမှ ကလပ်ဆိုဒါ တစ်ဘူးကို ထုတ်ယူလိုက်ရင်း သူ့ လက်ပတ်နာရီကို တစ်ချက် ငဲ့ကြည့်လိုက်သည် ။ အစည်းအဝေးမစခင် နှစ် မိနစ်လောက်တော့ အချိန်ရသေးသည် ။ ဖောရက်စ် တစ်ယောက် တောက်ပသော အပြာရောင် မျက်လုံးများ နှင့် သူ့ရှေ့မှာ လာရပ်သောအခါ ပင်ပန်းနွမ်းနယ်စွာ ပြုံးပြလိုက်သည် ။ ဖောရက်စ်မှာ လက်ထဲတွင် အီကွစ်မ င့်ကိုယ်ကျပ်အင်္ကျီ ဘက်စုံသုံးခါးပတ် ပခုံးသိုင်းအိတ်တို့

တစ်ပွေ့တစ်ပိုက်ကြီး သယ်လာ၏။

"ဝက်စ်ကာက မာရီနီကို ရှာဖွေရေး စခွင့်ပေးလိုက်ပြီ... ဘရာဗိုအဖွဲ့ ဝင် ကြတော့မယ်"

စိတ်အားထက်သန်စွာ အားပါးတရ ပြောနေသော်လည်း ဖောရက်စ်၏ အယ်လ်ဘားမား လေသံ နှာသံဝဲဝဲက သူ၏ စကားလုံးများကို နှေးကွေးစေကာ လေးလေးတွဲ့တွဲ့ ပြောနေသလို ဖြစ်နေ၏။ သူက အားရပါးရ ပြုံးရင်းနှင့် သူ့ ပစ္စည်းတွေကို ဧည့်စောင့်ထိုင်ခုံ တခုပေါ်သို့ ပစ်ချလိုက်သည် ။

ခရစ်စ်က မျက်မှောင်ကြုတ်ရင်း...

"ဘယ်အချိန်တဲ့ လဲ"

"အခုချက်ချင်းပဲ... ငါ ရဟတ်ယာဉ်ကို စက်နှိုးပြီးတာနဲ့ ထွက်တော့မှာ ..."

ဖောရက်စ်က ပြောရင်းဆိုရင်းနှင့် ပင် ကျည်ကာ အင်္ကျီကို သူ့တီရှပ်ပေါ်မှ ထပ်ဝတ်လိုက်၏။

"မင်းတို့ အယ်လ်ဖာ အဖွဲ့ဝင်တွေ ခုံပေါ်မှာ ထိုင်ပြီး မှတ်စု လိုက်ရေးနေရတုန်းမှာ ငါတို့ ကတော့ ဟိုအသားစား ကောင်တွေရဲ့ ဖင်ကို ပိတ်ကန်ဖို့ သွားတော့မှာ ကွ..."

တို့ S.T.A.R.S တပ်ဖွဲ့ဝင်တွေအတွက် ကိုယ့်ကိုယ်ကိုယ်မှ ယုံကြည်မှု မရှိရင် ဘာမှ မရှိတာနဲ့ အတူတူပဲ မဟုတ်လား။

"အေး အေး ... မင်း တင်ပါးကိုသာ သေချာ ဂရုစိုက်စမ်းပါ... ဟုတ်ပြီလား... ဒီမှာ ဖြစ်ခဲ့တာတွေထက် နှစ်ဆလောက် ပိုများ တဲ့ အရူးတွေ သစ်တောထဲမှာ သွားရည်တများများ နဲ့ အဆင်သင့် စောင့်နေကြလိမ့်မယ်လို့ ငါထင်နေတယ်"

"မင်းသိတယ်ပေါ့..."

ဖောရက်စ်က ဆံပင်ကို နောက်သို့ သပ်ချလိုက်ပြီး သူ၏ ဘက်စုံသုံးခါးပတ်ကို ဆွဲယူလိုက်သည် ။ မစ်ရှင်အပေါ်၌ အပြည့်အဝ အာရုံစိုက် ထားကြောင်း သိသာ ထင်ရှားလှ၏။

ခရစ်စ်က စကားထပ် ပြောရမလား တွေးနေမိသည် ။ ဒါပေမဲ့ ဖောရက်စ် လေကြီးမိုးကြီးကျတာ မခံချင်တော့လို့ ဆက်မပြောတော့ဖို့ ဆုံးဖြတ်လိုက်၏။ ဖောရက်စ်ဟာ ကျွမ်းကျင် တပ်ဖွဲ့ဝင်တစ်ဦးပင်။ သူ့ကို သတိဝီရိယထားဖို့ အထူးတလည် မှာ နေစရာ မလိုအပ်ပေ။

"ဒါနဲ့ မင်းသေချာရဲ့လား ခရစ်စ်" "မင်း ဘီလီ နှုတ်ပိတ် ခံလိုက်ရတယ်လို့ ထင်နေတယ် မဟုတ်လား ..."

သက်ပြင်းတစ်ချက် ကျိတ်ချရင်း ခရစ်စ်က ဖောရက်စ်၏ ပခုံးကို အသာလှမ်းပုတ်လိုက်ပြီး မိမိ၏ အော်ပရေးရှင်းဆီသို့ သွားရန် သေးငယ်သော အပေါ်ထပ် ဧည့်စောင့်ခန်းတံခါးကို ဖြတ်သန်း၍ ခန်းမဆီသို့ ဆင်းလာခဲ့သည် ။ ဝက်စ်ကာက တပ်ဖွဲ့ဝင်တွေကို သီးခြားစီခွဲ၍ စေလွှတ်ခြင်းအား သူအံ့ဩသင့် နေမိသည် ။

ဤကဲ့သို့ စစ်ဆင်ရေးမျိုးမှာ အတွေ့အကြုံ နည်းသေးသော S.T.A.R.S တပ်ဖွဲ့ဝင်များ အတွက် အစပိုင်းတွင် ပြုလုပ်ကြရသည့် ပုံမှန်စစ်ဆင်ရေးမျိုးဖြစ်သော်လည်း ယခု အခြေအနေမှာ အသေအချာကို ပုံမှန်အနေအထားမျိုး မဟုတ်တော့ပေ။ သူတို့ ကိုင်တွယ်နေရသည့် သေမှုသေခင်း အရေအတွက်ကို ကြည့်ရုံနှင့် ပိုမိုရန်လိုသော တိုက်ခိုက်မှုများ အဖြစ် သတ်မှတ်လို့ ရနေပြီ။

အမှန်အားဖြင့် ယခုကဲ့သို့ အုပ်စုဖွဲ့၍ လူသတ်မှုများ ကျူးလွန်နေသည့် လက္ခဏာများ ထင်ရှားနေသည် ကို A1 (အမြင့်ဆုံးအဆင့်) အဖြစ် သတ်မှတ်ပြီး ကိုင်တွယ် ဆောင်ရွက်သင့် နေပေပြီ။ သို့ရာတွင် ဝက်စ်ကာမှာ သာမန် လေ့ကျင့်ရေး တစ်ခုကဲ့သို့ပင် ပြုမူဆောင်ရွက်နေသည် ။

ဘယ်သူမှ အဲဒါကို မသိကြဘူး။ သူတို့ ဘီလီ့အကြောင်းကို မသိကြဘူး။

လွန်ခဲ့သောအပတ်က ညကြီး အချိန်မတော်တွင် မှ သူ့ငယ်သူငယ်ချင်းက

ဖုန်းဆက်လာခြင်းကို ခရစ်စ် ထပ်တွေးမိပြန်၏။ သူ ဘီလီနဲ့ ခေတ္တခဏ အဆက်အသွယ် ပြတ်နေခဲ့သော်လည်း ဘီလီဟာ အမ်ဘာရဲလား ကုမ္ပဏီ၏ သုတေသနဌာနတွင် အလုပ် လုပ်နေကြောင်းကိုတော့ သိနေခဲ့သည် ။ အမ်ဘာရဲလားမှာ ဆေးဝါး ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်ကာ ရက်ကွန်းမြို့၏ စီးပွားရေးကို အကြီးဆုံး ထောက်ပံ့ပေးနေသည့် တခုတည်းသော ကုမ္ပဏီကြီးလည်း

ဖြစ်၏။

ဘီလီဟာ ကိုယ့်အရိပ်ကို ကိုယ်ပြန်လန့်နေတတ်သော သူရဲဘောကြောင်သည့် လူစားမျိုး လုံးဝမဟုတ်ပေ။ သူ့စကားသံထဲမှ ကြောက်လန့်တကြားကြံရာမရ ဖြစ်နေသော လေသံက ခရစ်စ်ကို လုံးဝနိုးသွားအောင် လှုပ်နှိုးလိုက်သလိုပင်။ သူ့ရင်ထဲတွင် လည်း စိုးရိမ်ပူပန်စိတ်များ နှင့် ပြည့်နှက်သွားစေ၏။

ဘီလီက ဗလုံးဗထွေး လေသံဖြင့် သူ့မှာ အသက်အန္တရာယ် ရှိနေပြီဖြစ်ကြောင်း သူတို့ အားလုံး အန္တရာယ်ရှိနေပြီ ဖြစ်ကြောင်းနှင့် ခရစ်စ်ကို သူ့အား မြို့စွန်၌ လာတွေ့ပါရန် တောင်းပန်ခဲ့သည် ။ သို့သော် သူရောက်မလာခဲ့ပေ။ ထိုအချိန်မှ စ၍ မည်သူမျှ ဘီလီ့အကြောင်းကို မကြားကြရတော့ပေ။

ဘီလီ ပျောက်ဆုံးသွားချိန်မှ စ၍ ခရစ်စ်မှာ အိပ်မပျော်သော ညပေါင်းများစွာ အတွင်း အထပ်ထပ်အခါခါ စဉ်းစားခန်း ဝင်နေခဲ့သည် ။ ဘီလီ ပျောက်ဆုံးမှုမှာ ရက်ကွန်းစီးတီးက တိုက်ခိုက်မှုများ နှင့် ပတ်သက်ဆက်နွှယ်နေခြင်း မရှိလောက်ဘူးလို့ သူ့ကိုယ်သူ ယုံကြည်လက်ခံဖို့ ကြိုးစားခဲ့သော်လည်း ထိုအတွေးမှာ သူ၏ ကြီးထွားလာသော သံသယကို ချေဖျက် နိုင်လောက်အောင် ခိုင်မာမှု မရှိလှပေ။

ဒီဖြစ်ရပ်တွေဟာ မျက်စိနဲ့ မြင်ရတာထက် ပိုဆိုးနေနိုင်သေးတယ် ဆိုတာနဲ့ ဘီလီဟာ အဖြစ်မှန်ကို သိသွားသောကြောင့် ဖြစ်နိုင်သည် ။

ရဲများက ဘီလီ၏ တိုက်ခန်းအတွင်းသို့ ဝင်ရောက် ရှာဖွေ စစ်ဆေးခဲ့သော်လည်း အကြမ်းဖက်မှု တစုံတရာ ဖြစ်ပွားခဲ့ကြောင်း ညွှန်ပြနိုင်စရာမည်သည့် သက်သေ အထောက်အထားမျိုးကိုမှ ရှာမတွေ့ခဲ့ပေ။

သို့ရာတွင် ခရစ်စ်၏ မသိစိတ်မှ မိမိသူငယ်ချင်းမှာ သေဆုံးသွားခဲ့ပြီဖြစ်ကြောင်းနှင့် သူ့ပါးစပ်မှ ဘာမှ ထုတ်မပြောနိုင်စေရန် နှုတ်ပိတ်လိုသော တစ်စုံတစ်ယောက်မှ သတ်ပစ်လိုက်ခြင်း ဖြစ်ကြောင်းကို သတိပေးနေသည် ။

ပြီးတော့ ဒါဟာ ငါတစ်ယောက်တည်းပဲ ဖြစ်နေတာနဲ့ တူတယ်... အိုင်းရှန်းစ်ကလည်း လုံးဝဂရုမစိုက်ဘူး... တပ်ဖွဲ့ဝင်တွေကလည်း ငါဟာ ငါ့သူငယ်ချင်းကို ဆုံးရှုံးရလို့ ကြေကွဲနေတာလို့ ပဲ ထင်နေကြတယ်။

သူက အတွေးများကို မောင်းထုတ်ပစ်ရင်း စကြံထောင့်ချိုးကို ချိုးကွေ့လိုက်သည် ။ သူ့ဖိနပ်ခွာသံ ခပ်အုပ်အုပ်မှာ ဒုတိယထပ် စကြံ၏ ပေါင်းမိုးများကို ရိုက်ခတ်၍ ပဲ့တင်သံများ ထွက်နေ၏။

ဘီလီ ပျောက်ဆုံးမှု အကြောင်းအရင်းကို ရှာဖွေနိုင်ဖို့ သူ အာရုံစိုက်ရမည်... သို့ရာတွင် ဘီလီ သူ့ထံသို့ ဖုန်းဆက်ချိန်မှ စ၍ ဖိစီးလာသော အဆက်မပြတ် စိုးရိမ်ပူပန်မှုကြောင့် အိပ်မပျော်သည့် ရက်တွေများကာ သူ ပင်ပန်းနေပြီ။ မကြာသေးမီက ဖြစ်ပျက်ခဲ့တာတွေကြောင့် သူဟာ လက်တွေ့ဘဝနဲ့ ကင်းလွတ် နေခြင်းလည်း ဖြစ်နိုင်သည် ။ S.T.A.R.S တပ်ဖွဲ့ရုံးခန်းသို့ နီးကပ် လာသည် နှင့် အမျှ ဘာကိုမှ

ထပ်မတွေးမိအောင် သူ့ကိုယ်သူ တားဆီးလိုက်သည် ။ အစည်းအဝေးကို ခေါင်း ကြည်ကြည်လင်လင်နဲ့ တက်မယ်လို့ ဆုံးဖြတ်ချက် ချလိုက်၏။

ကျဉ်းမြောင်းသော စကြံလမ်းထဲတွင် ထိန်ထိန်ညီးနေသည့် မျက်နှာကြက် မီးများမှာ ညနေခင်း အလင်းရောင် အောက်တွင် ပင် မျက်စိ စူးလောက်အောင် အလွန် တောက်ပနေသည် ။ ရက်ကွန်း ရဲဌာနချုပ် အဆောက်အဦမှာ ဂန္ဓဝင်မြောက်လှ၏။ မြင်ရိုးမြင်စဉ် မဟုတ်သော ဗိသုကာ အနုလက်ရာများ မြောက်မြားလှစွာသော ကြွေပြားများ သစ်မာသားများ နှင့် ဆင်ယင်ထားပြီး နေအလင်းရောင် ကောင်းစွာ ဝင်နိုင်စေရန် ပြတင်းပေါက်

အများကြီးနှင့် ဒီဇိုင်းလုပ်ထား၏။ သူကလေးဘဝတုန်းက ဤ အဆောက်အဦမှာ ရက်ကွန်းမြို့တော်ခန်းမ ဖြစ်ခဲ့သည် ။ ဆယ်စုနှစ်တစ်ခု စာ တိုးပွားလာခဲ့သည့် လူဦးရေနှင့် အတူ အဆောက်အဦမှာ လည်း စာကြ ည့်တိုက်အဖြစ် အသစ်ပြုပြင် ဆောက်လုပ်ခဲ့ပြီးနောက် နောင်လေးနှစ် ကြာ သောအခါ၌ ရဲဌာနအဖြစ် ပြောင်းလဲ အသုံးပြုခဲ့ပြန်သည် ။ ထို့ကြောင့် အဆောက်အဦ၌ အမြဲတမ်း ဆောက်လုပ်ရေး လုပ်ငန်းစဉ်တစ်ခုခု ရှိနေပုံ

ပေါ်နေသည် ။

S.T.A.R.S တပ်ဖွဲ့၏ ရုံးခန်းတံခါးမှာ ပွင့်ဟနေပြီး လေသံပြတ်ပြတ်နှင့် ပြောနေသော ယောကျ်ားသံ ခပ်အုပ်အုပ်များက ခန်းမဆီသို့ လျှံထွက် ကျ လာသည် ။ စကားသံများကြားမှ ရဲချုပ်အိုင်းရွန်းစ်၏ အသံကို ကြားလိုက်ရ သောကြောင့် ခရစ်စ်မှာ ခဏမျှ တွန့်ဆုတ်ဆုတ် ဖြစ်သွားသည် ။

"ငါ့ကို ဘရိုင်ယန်လို့ ခေါ်စမ်းပါ..."

အိုင်းရွန်းစ်မှာ ရဲအရေခွံ ခြုံထားသော တစ်ကိုယ်ကောင်း ဆန်ကာ ကိုယ်ကျိုးကြည့်သည့် နိုင်ငံရေးသမား ဖြစ်သည် ။ သူ့လက်အောက်တွင် ဒေသခံ တရားမဝင် လုပ်ငန်းအများ စု ရှိနေသည် မှာ လျှို့ဝှက်ချက် မဟုတ် တော့ပေ။

၁၉၉၄ ခုနှစ်က စီဒါခရိုင် မြေရိုက်စား လုပ်မှုတွင် လည်း သူ ပါဝင်ငြိစွန်း လုနီးပါး ဖြစ်ခဲ့သေးသည် ။ ရုံးတော်တွင် သက်သေပြနိုင်ခြင်း မရှိသော်လည်း သူ့အကြောင်း အတွင်းကျကျ သိထားသည့် မည်သူမဆို သူ ပါဝင်သည် ကို သံသယ မရှိကြပေ။

အိုင်းရွှန်းစ်၏ မသတီစရာ ဟန်ဆောင် ပန်ဆောင် အသံကို နားထောင်ရင်း ခရစ်စ်မှာ ခေါင်းခါ လိုက်မိသည် ။ ဒီလိုလူစားမျိုးဟာ တစ်ချိန်က S.T.A.R.S တပ်ဖွဲ့၏ ခေါင်းဆောင် ဖြစ်ခဲ့ဖူးသည် ဆိုသော အဖြစ်ကို ယုံကြည်လက်ခံဖို့ ခက်ခဲနေ၏။ ဒီလူဟာ ရုံးစာရေး လုပ်ဖို့ တောင် ထိုက်တန်သူ မဟုတ်ပေ။ အိုင်းယွန်းစ်ဟာ တစ်နေ့နေ့မှာ မြို့တော်ဝန် အဖြစ် တာဝန်ယူရကောင်း ယူရနိုင်သည် ဆိုသော စကားသံများက ပိုလို့ တောင်

ယုံဖို့ ခက်သေးသည် ။

"အေးလေ ... သူ မင်းရဲ့ သတ္တိကို မုန်းတယ်ဆိုတဲ့ အချက်က သိပ် အထောက်အကူ ဖြစ်မှာ မဟုတ်ဘူး ... ဟုတ်တယ်မလား ရက်ဖီးလ်ဒ်"

ဟုတ်ပြီ ကောင်းပြီ ခရစ်စ်ဟာ ခခယယ လုပ်ရခြင်းမျိုးကို မနှစ်သက် သော်လည်း အိုင်းယွန်းစ်မှာ လည်း တခြား ဆက်ဆံရေး အမျိုးအစားများကို နားလည်သူ မဟုတ်ချေ။ အနည်းဆုံးတော့ အိုင်းယွန်းစ်ဟာ လုံးဝ အရည်အချင်းမရှိသော လူတစ်ယောက်တော့ မဟုတ်ပေ။ သူဟာ စစ်ဘက် လေ့ကျင့်ရေး အတွေ့အကြုံ တချို့တော့ရှိသည် ။ ခရစ်စ် မျက်နှာကို တည်တည်ကြည်ကြည် ထားလိုက်ရင်း S.T.A.R.S တပ်ဖွဲ့၏ ဖိုင်တွဲဗီရိုအဖြစ်

လည်းကောင်း စစ်ဆင်ရေး အခြေစိုက် စခန်းအဖြစ် လည်းကောင်း အသုံးချနေသော ရှုပ်ပွနေသည့် ရုံးခန်းလေးထဲသို့ လျှောက်ဝင် သွားလိုက်သည် ။

ဘယ်ရီနှင့် ဂျိုးဆက်တို့ မှာ လူသစ်၏ စားပွဲပေါ်တွင် ထိုင်ကာ စာရွက်ပုံး တစ်ခုကို ရှာဖွေနေကြရင်း တီးတိုးစကား ပြောနေကြသည် ။

အယ်လ်ဖာတပ်ဖွဲ့၏ ပိုင်းလော့ ဘရက်ဒ်ဗစ်ကာမှာ ကော်ဖီသောက်ရင်း ပေအနည်းငယ် အကွာမှ ပင်မကွန်ပျူတာကို ငေးကြည့်နေသည် ။ သူ၏ သိမ်မွေ့သော မျက်နှာပေါ်တွင် စိတ်ကုန်နေသည့် အမူအရာက ထင်ဟပ် နေသည် ။ အခန်း၏ တစ်ဖက်တွင် ကပ္ပတိန်ဝက်စ်ကာမှာ သူ့ကုလားထိုင် ပေါ်တွင် ထိုင်နေသည် ။ လက်များကို ခေါင်းနောက်မှာ မှီထားရင်း ရဲချုပ် အိုင်းယွန်းစ်က သူ့အား တစ်စုံတစ်ခု ပြောနေသည် ကို အသက်မပါသည့်

အပြုံးဖြင့် နားထောင်နေသည် ။

အိုင်းယွန်းစ်မှာ သူ့ကိုယ်လုံးကြီးကို ကပ္ပတိန်ဝက်စ်ကာ၏ စားပွဲအား မှီ ထားပြီး စကားပြောနေရင်း ဝဝတုတ်တုတ် လက်ကြီးတစ်ဖက်က ဂရုတစိုက် သထားသော နှုတ်ခမ်းမွေးများကို ပွတ်သပ်နေသည် ။

"ဒီတော့ ငါကပြောလိုက်တာ... ခင်ဗျား ကျူပ် ဖော်ပြခိုင်းတာကိုပဲ ဖော်ပြ စမ်းပါ ဘာတိုလပ်ကီ... ခင်ဗျား သဘောကျလာမှာ ပါလို့ ... ဒီလိုမှ မဟုတ် ရင် ဒီရုံးခန်းထဲမှာ ခင်ဗျား နောက်ထပ် ကိုးကားစရာ ဘာတခုမှ ရတော့မှာ မဟုတ်ဘူး လို့ ... ဒီတော့ သူက ပြန်ပြောတာ..."

"ခရစ်စ်"

ဝက်စ်ကာက ရဲချုပ်၏ စကားကိုဖြတ်၍ ခေါ်လိုက်သည် ။

"ကောင်းတယ်... မင်း ရောက် လာပြီ... ငါတို့ အချိန်ဖြုန်းနေတာကို ရပ် နိုင်တော့မယ့်ပုံပဲ"

အိုင်းယွန်းစ်၏ မျက်နှာ ရှစ်ခေါက်ချိုးနှင့် အကြည့်က သူ့ဘက်သို့ လှည့် လာသည် ။ ခရစ်စ်မှာ မျက်နှာကို မှ င်သေသေ လုပ်ထားလိုက်သည် ။ ဝက်

စ်ကာမှာ အိုင်းယွန်းစ်ကို သိပ်ဂရုမစိုက်သလို သူနှင့် ဆက်ဆံနေရသော သူ အပေါ် ယဉ်ကျေးမှုအရ လောကဝတ် ပြုရခြင်းထက် ပိုပြီးလည်း စိတ်ရှုပ်မ ခံပေ။ သူ၏ တလက်လက် တောက်ပနေသည့် မျက်လုံးထဲတွင် ဘယ်သူပဲ သတိထားမိ ထားမိ ဂရုမစိုက်သည့် အရိပ်အယောင်က သိသိသာသာ

ပေါ်လွင်နေသည် ။

ခရစ်စ်မှာ ရုံးခန်းအတွင်းသို့ လျှောက်ဝင်သွားပြီး စားပွဲခုံဘေးတွင် ရပ်လိုက်သည် ။ သူ၏ စားပွဲမှာ ဘရာဗိုတပ်ဖွဲ့ဝင်တစ်ဦး ဖြစ်သည့် ကင်ဆူလီဗန်နှင့် အတူ မျှဝေသုံးစွဲ နေရသော်လည်း အဖွဲ့ဝင်များမှာ မတူညီသော တာဝန်များ ဖြင့် လှုပ်ရှား နေရကတည်းက  သူတို့ အခန်းကို သုံးစရာပင် သိပ်မလိုတော့ပေ။ သူက မဖွင့်ရသေးသည့် ဆိုဒါသံဘူးကို ဟောင်းနွမ်းစုတ်ချာနေသော စားပွဲမျက်နှာပြင်ပေါ်၌

ချထားလိုက်ပြီး ဝက်စ်ကာကို ကြည့်လိုက်သည် ။

"ဆရာက ဘရာဗိုတပ်ဖွဲ့ကို ရှာဖွေရေးဝင်ဖို့ လွှတ်လိုက်တာလား"

ကပ္ပတိန်က လက်များကို ရင်ဘတ်ပေါ်တွင် ပိုက်ထားရင်း သူ့ကို မထုံတက်သေး အမူအရာဖြင့် စိုက်ကြည့်နေ၏။

"ဒါက ပုံမှန် လုပ်ရိုးလုပ်စဉ်လေးပါ ခရစ်စ်..."

ခရစ်စ်က မျက်မှောင်ကြုတ်ရင်း ထိုင်လိုက်သည် ။

"ဟုတ်ပါတယ်... ဒါပေမဲ့ ပြီးခဲ့တဲ့ အပတ်တုန်းက ကျွန်တော်တို့ ပြောထားခဲ့ကြတာလေ... ကျွန်တော် ထင်တာ..."

အိုင်းရှန်းစ်က စကားဖြတ် ဝင်ပြောလိုက်သည် ။

***

"ငါ အမိန့်ပေးလိုက်တာ ရက်ဖီးလ်ဒ်... ဒီနေရာမှာ သည်းထိတ်ရင်ဖို

စုံထောက် ဇာတ်လမ်းထဲကလိုမျိုး ဖြစ်နေတယ်လို့ မင်းထင်နေတာ ငါသိတယ်... ဒါပေမဲ့ ပုဂ္ဂိုလ်ကြီး ခုနစ်ဦး အတွက်တော့ မူဝါဒကို ပြောင်းလဲ ရလောက်တဲ့ အကြောင်းပြချက် ခိုင်ခိုင်လုံလုံ မတွေ့သေးဘူး"

သိုးရေခြုံထားတဲ့ ဝံပုလွေကောင်ကြီး...။

ခရစ်စ်က အိုင်းယွန်းစ် ဒေါသထွက်စေရန် တမင် ဟန်လုပ် ပြုံးပြလိုက်သည် ။

"ဟုတ်တာပေါ့ ဆရာ... ကျွန်တော့်ကိုယ်စား ဆရာကိုယ်တိုင် ရှင်းပြနေစရာ မလိုပါဘူး..."

အိုင်းရွန်းစ်က သူ့ကို ခဏမျှ စိန်းစိန်းဝါးဝါး စိုက်ကြည့်နေ၏။ သူ၏ ဝက်မျက်လုံးနှင့် တူသော မျက်လုံးလေး နှစ်လုံးမှာ မျက်တောင် တဆတ်ဆတ်ခတ်နေသည် ။ ထို့နောက်တွင် သူ့ပုံကို ကြည့်ရတာ စိတ်လျှော့ဖို့ ဆုံးဖြတ်လိုက်ဟန် တူ၏။ သူက ဝက်စ်ကာ ဘက်သို့ ပြန်လှည့် သွားသည် ။

"ဘရာဗိုတပ်ဖွဲ့ ပြန်ရောက်တဲ့ အချိန်မှာ ကျုပ်ဆီကို သတင်းပို့ဖို့ မျှော်လင့်တယ်... အခု ခင်ဗျား ခွင့်ပြုမယ် ဆိုရင်... ကပ္ပတိန်..."

ဝက်စ်ကာက ခေါင်းညိတ် ပြလိုက်သည် ။

"ဟုတ်ကဲ့ ရဲချုပ်..."

အိုင်းရွန်းစ်က ခရစ်စ်၏ အနားမှ ဖြတ်၍ စိတ်ဆိုးမာန်ဆိုးဖြင့် အခန်းပြင်ကို ထွက်သွား၏။ သူထွက်သွားတာ တစ်မိနစ်ပင် မပြည့်သေးမီ ဘယ်ရီ ဝင်လာသည် ။

"ရဲချုပ်တော့ ဒီနေ့ ဖုသွားပြီ ထင်တယ် ဟုတ်လား" ငါတို့ အားလုံး ခရစ်စမတ်ပွဲအတွက် ငွေကြိုထည့်သင့်ရင် ထည့်ရမယ်... သူ့ကို ဝမ်းနုတ်ဆေး တိုက်လို့ ရအောင်..."

ဂျိုးဆက်နှင့် ဘရက်ဒ်တို့ ရယ်မောလိုက်ကြ သော်လည်း ခရစ်စ်မှာ လိုက်မရယ်မိပေ။ အိုင်းယွန်းစ်ဟာ ရယ်စရာလူ ဖြစ်သော်လည်း ယခု စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်ကို တလွဲတချော် စီမံခန့်ခွဲနေခြင်း ကတော့ လုံးဝရယ်စရာမဟုတ်ပေ။ S.T.A.R.S တပ်ဖွဲ့မှာ ရက်ကွန်းရဲတပ်ဖွဲ့၏ အရံအဖြစ်မနေပဲ ဦးဆောင်ကိုင်တွယ်မှု ပြုသင့်သော အချိန် ရောက်နေပေပြီ။

သူက ဝက်စ်ကာဘက်သို့ ပြန်လှည့် ကြည့်လိုက်သည် ။ ဒီပုဂ္ဂိုလ်ဟာ အမြဲတမ်း အေးဆေး တည်ငြိမ်သော အမူအရာနှင့် ခန့်မှန်းရ ခက်လှ၏။ ဝက်စ်ကာဟာ လွန်ခဲ့သော လအနည်းငယ်ခန့်ကမှ နယူးယော့ခ်ဌာနချုပ်မှ ရက်ကွန်း S.T.A.R.S တပ်ဖွဲ့ဆီသို့ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည် ။ ခရစ်စ်မှာ သူ့ရဲ့ တကယ့် အတွင်းစရိုက်ကို မခန့်မှန်းနိုင်သေးပေ။ သူတို့ ၏ ကပ္ပတိန် အသစ်မှာ အများက ပြောကြသည့် အတိုင်းပင်

ပြေပြစ်သော ပညာရှင်ပီသသော သွေးအေးသော ပုံပေါ်၏။ သူ့အပေါ်နားလည်ရခက်သည့် အချက်မှာ ဤပုဂ္ဂိုလ်သည် ဖြစ်ပျက်နေသော အခြေအနေကို လက်တွေ့ကျကျ ချဉ်းကပ်ခြင်း မပြုဘဲ မကြာခဏ လမ်းလွဲပစ်နေသည် ဟု ခံစားရခြင်းကိုပင်။

ဝက်စ်ကာက သက်ပြင်းချရင်း ထရပ်လိုက်သည် ။

"ဆောရီးပဲ ခရစ်စ်... မင်း အခုလုပ်နေကြတဲ့ ပုံစံနဲ့ ကွဲပြားတာမျိုးကို လုပ်ချင်မှန်း ငါသိပါတယ်... ဒါပေမဲ့ အိုင်းရွန်းစ်က မင်းရဲ့ ထင်မြင် ယူဆချက်လေး အပေါ်မှာ အလေးထားပြီး အင်တိုက် အားတိုက် မလုပ်ချင်ဘူးလေ..."

ခရစ်စ်က ခေါင်းညိတ် လိုက်သည် ။ ဝက်စ်ကာမှာ အကြံပြု ထောက်ခံရုံလောက်သာ တတ်နိုင်ပေသည် ။ ရဲချုပ်အိုင်းရွန်းစ်သာလျှင် သည် စစ်ဆင်ရေးကို အဆင့် တိုးမြှင့်ပေးနိုင်သောသူ ဖြစ်၏။

"ဆရာ့ရဲ့ အမှား မဟုတ်ပါဘူး..."

ဘယ်ရီမှာ သူ၏ နီကြင်ကြင် မုတ်ဆိတ်မွေး တိုတိုလေးကို ကြီးမား တုတ်ခိုင်လှသော လက်သီးဆုပ်ကြီးဖြင့် ပွတ်သပ်ရင်း သူတို့ ဆီသို့ လျှောက်လာသည် ။ ဘယ်ရီဘာရွန်ဟာ အရပ်ခြောက်ပေမျှသာ ရှိသော်လည်း သူ့ကိုယ်လုံး ကိုယ်ထည်ကြီးက ထရပ်ကားတစ်စီး အလားပင်။ သူ့မိသားစုပြီးလျှင် အခြား စွဲလမ်းမက်မောသော ဝါသနာမှာ အလေးမပစ္စည်း ကိရိယာများ စုဆောင်းခြင်းနှင့် ထိုပစ္စည်းများအား

ထုတ်ကြွားရခြင်းတို့ ဖြစ်၏။

"အပင်ပန်း ခံမနေစမ်းပါနဲ့ ခရစ်စ်... အန္တရာယ် ရှိနိုင်တယ်ဆိုရင် မာရီနီက စက္ကန့်ပိုင်းအတွင်း ငါတို့ ကို ဆက်သွယ်မှာ ပေါ့... အိုင်းယွန်းစ်ကမင်း ယူဆချက်ကို မှားစေချင်နေတာ"

ခရစ်စ် ထပ်မံ ခေါင်းညိတ် ပြလိုက်သော်လည်း ဘဝင်မကျနိုင်ပေ။ ဘရာဗိုတပ်ဖွဲ့ထဲတွင် ဝါရင့်စစ်သားဟူ၍ အင်ရီကိုမာရီနီနှင့် ဖောရက်စ်စပီးယားတို့ နှစ်ဦးသာ ရှိသည် ။ ကင်ဆူလီဗန်မှာ ထူးချွန်ထက်မြက်သော ဓာတုဗေဒပညာရှင် ဖြစ်သလို ကင်းထောက်သည့် နေရာတွင် တော်သော်လည်း S.T.A.R.S တပ်ဖွဲ့နှင့် လေ့ကျင့်ချိန်၌ ကားဂိုဒေါင် တစ်ဖက်ခြမ်းလောက် အကွာအဝေးကိုပင် ထိမှန်အောင် ပစ်ခတ်နိုင်သူ မဟုတ်ချေ။

ရစ်ချက်အိုကင် ဆိုသူမှာ ထိပ်တန်း ဆက်သွယ်ရေး ကျွမ်းကျင်သူ ဖြစ်သော်လည်း တကယ်တမ်း ကွင်းဆင်း အတွေ့အကြုံ မရှိသေးပေ။ ဘရာဗိုအဖွဲ့၏ နောက်ဆုံး အဖွဲ့ဝင်မှာ S.T.A.R.S တပ်ဖွဲ့သို့ ရောက်လာတာ သုံးပတ်ခန့်သာ ရှိသေးသော ရီဘက်ကာချိန်ဘာ ဖြစ်သည် ။ သူမဟာ ဆေးဘက်ဆိုင်ရာ ပါရမီရှင်တစ်ဦး အဖြစ် ဝင်ရောက်လာခြင်း ဖြစ်သည် ။ ခရစ်စ် သူ့ကို နှစ်ကြိမ်လောက်သာ မြင်ဖူးသော်လည်း သူမဟာ အမှန်တကယ်ပင်

ထက်မြက်သူတစ်ဦး ဖြစ်ကြောင်း ခန့်မှန်းမိသည် ။ သို့သော် သူမသည်

လည်း ကလေးသာသာ အရွယ်ပဲ ရှိသေးသည် ။

မလုံလောက်ဘူး... ငါတို့ အားလုံး ဆိုရင်တောင် လုံလောက်ချင်မှ လုံလောက်မှာ -

သူ ဆိုဒါဘူးကို ဖွင့်လိုက်သော်လည်း မသောက်မိပေ။ S.T.A.R.S တပ်ဖွဲ့ ရင်ဆိုင်ရမည့် အရာကို သိချင်နေမိသည် ။ ဘီလီ၏ ကြောက်လန့်တကြား တောင်းပန်နေသည့် စကားသံများက သူ့အတွေးထဲသို့ ပဲ့တင်ရိုက်ခတ် လာပြန်သည် ။

"သူတို့ ငါ့ကို သတ်တော့မယ် ခရစ်စ်... သိထားတဲ့ လူအားလုံးကို သတ်တော့မှာ ... အခု ငါ့ကို အမ်မီ့ဆီမှာ လာတွေ့ပါ... ငါ မင်းကို အားလုံး ပြောပြမယ်"

ခြေကုန်လက်ပန်း ကျသလို ခံစားလိုက်ရ၏။ ရက်စက် ကြမ်းကြုတ်သော လူသတ်ကောင်များ ဆိုသည် မှာ ရေခဲတောင်ကြီး၏ ရေပေါ်တွင် ပေါ်နေသည့် ထိပ်ဖျားပိုင်း လောက်သာ ဖြစ်နေနိုင်သည် ဟူသော အသိနှင့် ခရစ်စ်၏ မျက်လုံးများက ဦးတည်ရာမဲ့ ငေးကြည့် နေမိသည် ။

ဘယ်ရီမှာ ဘာပြောရရင် ကောင်းမလဲဟု စဉ်းစားနေရင်း ခရစ်စ်၏ စားပွဲဘေး၌ တစ်မိနစ်ခန့် ရပ်နေ၏။ သို့ရာတွင် ခရစ်စ်မှာ စကားစမြည် ပြောဆိုချင်စိတ် ရှိနေပုံမပေါ်ပေ။ ဘယ်ရီက မသိမသာ ပခုံးတွန့်လိုက်ပြီး သူ့အကြည့်ကို ဖိုင်တွဲပုံများကြားမှ ဂျူးဆက်ထံသို့ ပြောင်းလိုက်သည် ။ ခရစ်စ်ဟာ လူတော်လူကောင်း တစ်ယောက် ဖြစ်သော်လည်း တခါတလေမှာ တော့ အတွေးခေါင်လွန်းတဲ့ သူ ဖြစ်သည် ။ အေးလေ ဒီကိစ္စတွေ

ဖြေရှင်းလို့ ပြီးသွားတာနဲ့ ချက်ချင်းပဲ သူ စိတ်သက်သာရာ ရသွားပါလိမ့်မယ်ဟု သူတွေးလိုက်၏။

"ရှာသီဥတုပူတယ်နော် ... ကိုယ့်လူ..."

သူ့ကျောပေါ်မှ အဆက်မပြတ် စီးနေသော ချွေးစက်များမှာ မြင်သာလှသည် ။ သူ၏ တီရှပ်မှာ ကျောပြင်ကျယ်ပေါ်တွင် ချွေးများ ဖြင့် ကပ်နေ၏။ လေအေးပေးစနစ် ပုံမှန် အလုပ် မလုပ်တာကတော့ အမြဲတမ်းလိုလိုပင်။ တံခါး ဖွင့်ထားသော်လည်း S.T.A.R.S တပ်ဖွဲ့၏ သေးငယ်လှသော ရုံးခန်းလေးမှာ သက်သောင့်သက်သာ မရှိအောင် ပူနွေးနေဆဲ ဖြစ်သည် ။

"တစ်ခုတလေတောင် ရှာမတွေ့ဘူးလား"

ဂျိုးဆက်မှာ သူ၏ ပိန်ချုံးသော မျက်နှာကို မချိပြုံး ပြုံးလျက် စက္ကူပုံကြားမှ မော့ကြည့်လိုက်သည် ။

"မင်း နောက်နေတာလား။ ဒါဟာ တစ်ယောက်ယောက်က တမင်တကာ ဝှက်ထားတဲ့ အဓိပ္ပာယ် မရှိတာတွေကို ရှာနေရသလိုပဲကွ..."

ဘယ်ရီမှာ ပင့်သက်ချရင်း ဖိုင်များကို လက်တစ်ဆုပ်စာ ကောက်ယူလိုက်သည် ။

"ဂျေးလ် ရှာတွေ့ရင်လည်း တွေ့မှာ ပဲ... မနေ့ညက ငါ အိမ်ပြန်တဲ့ အချိန်ထိ သူရုံးခန်းမှာ ကျန်နေခဲ့တုန်းပဲ... သက်သေခံ အစီရင်ခံစာတွေကို အပြန်အလှန် ရှာနေတာ အကြိမ်တစ်ရာ မကဘူး..."

"ဒါနဲ့ ခင်ဗျားတို့ နှစ်ယောက်က ဘာကို ရှာနေကြတာလဲ"

ဘရက်ဒ်က မေးလိုက်သည် ။

ဘယ်ရီနှင့် ဂျိုးဆက်တို့ နှစ်ယောက်လုံး ဘရက်ဒ်အား လှည့်ကြည့် လိုက်ကြ၏။ ဘရက်ဒ်မှာ နားကြပ်တပ်ထားပြီး ကွန်ပျူတာခုံတွင် ထိုင်နေဆဲဖြစ်၏။ သူသည် ဘရာဗိုတပ်ဖွဲ့၏ ရဟတ်ယာဉ် သစ်တောဧရိယာဆီသို့ ချဉ်းကပ်ပျံသန်း နေသည် ကို စောင့်ကြည့်နေရင်းမှ အလွန် ငြီးငွေ့လာပုံရ

သည် ။

ဂျိုးဆက်က သူ့အား ပြန်ဖြေလိုက်သည် ။

"အာ ... ဘယ်ရီက စပန်ဆာ အိမ်ရာဟောင်းရဲ့ အဆောက်အဦ အခန်းဖွဲ့စည်းပုံတွေ ဒီမှာ ရှိတယ်ဆိုပြီး ရှာပေးခိုင်းနေလို့ လေ... အဆောက်အဦ ဆောက်ပြီးတော့ ထွက်လာတဲ့ ဗိသုကာ အချက်အလက်တွေပေ့ါကွာ..."

သူက စကားကို ရပ်လိုက်ပြီး ဘရက်ဒ်ကို သွားကျဲကျဲဖြင့် ရယ်ပြလိုက်သည် ။

"ဘယ်ရီကြီး သူငယ်ပြန်ပြီး ငါတို့ ကို ခိုင်းနေတာလို့ ထင်နေတာက လွဲရင်ပေ့ါလေ... မှတ်ဉာဏ်ဆိုတာ ပထမဆုံး ပျောက်ကွယ်သွားမယ့် အရာလို့ သူတို့ က ပြောကြတာပဲ"

ဘယ်ရီက သဘောကောင်းစွာပင် မျက်နှာ ရှစ်ခေါက်ချိုးပုံစံ လုပ်ပြလိုက်သည် ။

"အဲဒီ ဘယ်ရီကြီးက နောက်တစ်ပတ်ဆို မင်းတို့ ဖင်ကို အသာလေး ပိတ်ကန်နိုင်တော့မှာ လူသေးလေးရ..."

ဂျိုးဆက်က သူ့အား အလွန် သရော်ဟန်ဖြင့် ကြည့်လိုက်၏။

"ဟုတ်လား... ဒါပေမဲ့ ခင်ဗျား အဲဒါကို နောက်မှ သတိရလို့ ရမလား"

ဘယ်ရီမှာ ခေါင်းကို ယမ်းခါနေအောင် တခစ်ခစ် ရယ်လိုက်သည် ။ ဒီလူတွေထဲတွင် သူ တစ်ယောက်တည်းသာ အသက် သုံးဆယ့်ရှစ်နှစ် ရှိပြီဖြစ်၏။ သို့သော် ရက်ကွန်း S.T.A.R.S တပ်ဖွဲ့တွင် တာဝန် ထမ်းဆောင်ခဲ့သည် မှာ ဆယ့်ငါးနှစ်တိုင်ခဲ့ပြီ ဖြစ်သောကြောင့် စီနီယာ တပ်ဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့သည် ။

သူ့အသက်အရွယ်နှင့် ပတ်သက်၍ ဟာသလုပ် နောက်ပြောင်ခြင်းကို

သူ့ခမျာ အတော် ကြိတ်မှိတ် သည်းခံခဲ့ရ၏။ အများအားဖြင့်တော့ ဂျိုးဆက်က နောက်တာ ဖြစ်သည်။

ဘရက်ဒ်က မျက်ခုံးကို ပင့်လိုက်သည်။

***

"စပန်ဆာအိမ်ရာ ဟုတ်လား။ အဲဒါက ဘာဖြစ်လို့ မဂ္ဂဇင်းထဲမှာ ပါလာရတာလဲ"

"မင်း လေ့လာမှု အားနည်းသေးတယ် ကလေး... သမိုင်းကို ပြန်သင်မှ ဖြစ်တော့မယ်..."

ဘယ်ရီက ပြောလိုက်သည်။

"အဲဒါဟာ ဂျော့ထရီဗာ ပျောက်မသွားခင်တုန်းက သူတစ်ယောက်တည်း ဆွဲခဲ့တဲ့ ဒီဇိုင်းကွ... သူက အင်မတန် ရေပန်းစားတဲ့ ဗိသုကာ ပညာရှင်တစ်ယောက်ပဲ... ဒီစီက ဆန်းဆန်းပြားပြား မိုးမျှော်တိုက်တွေ အားလုံးကို သူ ဆောက်ခဲ့တာပေါ့..."

တကယ်ပဲ ထရီဗာ ပျောက်သွားတာက စပန်ဆာအိမ်ရာ စီမံကိန်း ရပ်ဆိုင်းလိုက်ရတဲ့ အကြောင်းရင်း ဖြစ်နိုင်တယ်... ကောလာဟလတွေ ထွက်တာတော့ ထရီဗာဟာ ဆောက်လုပ်ရေး လုပ်နေတုန်း ရူးသွားပြီး လုပ်ငန်းပြီးစီးတဲ့ အချိန်မှာ ပဲ ပျောက်သွားတာတဲ့ ... ပြောကြတာတော့ သူဟာ အစာငတ်ပြတ်ပြီး သေတဲ့ အထိ ခန်းမတွေထဲမှာ လှည့်ပတ် သွားလာနေခဲ့တယ်တဲ့ "

ဘရက်ဒ်က ဘယ်ရီပြောတာကို သရော်သည့် အမူအရာ လုပ်ပြလိုက်သည်။ သို့သော် ချက်ချင်းပင် စိတ်မသက်သာ ဖြစ်နေသည့် ပုံပေါ်လာ၏။

"ဒါက ပေါက်ကရ စကားတွေပဲ... ငါ ဒါမျိုး တစ်ခါမှ မကြားဖူးပါဘူး..."

ဂျိုးဆက်က ဘယ်ရီအား မျက်စိတစ်ဖက် မှ ိတ်ပြလိုက်သည် ။

" မဟုတ်ဘူး ... အဲဒါ အမှန်တွေပဲကွ... ထရီဗာရဲ့ နှိပ်စက်ခံနေရတဲ့ ဝိညာဉ်ဟာ အခုထိ အိမ်ရာထဲမှာ ညတိုင်း လှည့်လည် သွားနေတုန်းပဲတဲ့ ... ပြီးတော့ ငါ ကြားဖူးတာ ပြောပြရရင် မင်း တခါတလေဆို သူခေါ်နေတဲ့ အသံကို ကြားရလိမ့်မယ်... ဘရက်ဒ်ဗစ်ကာ... ဘရက်ဒ်ဗစ်ကာကို ငါ့ဆီ ခေါ်လာခဲ့ဆိုပြီး..."

ဘရက်ဒ်မှာ အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။

"ဩော်... ဟုတ်လား... ဟဟ... မင်းက ရုပ်တည်ကြီးနဲ့ နောက်တဲ့ တကယ့် ဟာသကောင်ပဲ"

ဘယ်ရီမှာ ပြုံးနေရင်း ခေါင်းခါလိုက်မိသည် ။ ဘရက်ဒ် တစ်ယောက် အ ယ်လ်ဖာအဖွဲ့ထဲကို ဘယ်လိုလုပ်ပြီး ရောက်လာခဲ့မှန်း သူ မတွေးတတ်ချေ။ သို့သော် ဘရက်ဒ်မှာ S.T.A.R.S တပ်ဖွဲ့အတွက် တာဝန် ထမ်းဆောင်နေသ ည့် အတော်ဆုံး ဟက်ကာတစ်ဦး ဆိုတာကတော့ အသေအချာပင်။ ပြီးတော့ ဘရက်ဒ်မှာ ကျွမ်းကျင်ပိုင်းလော့လည်း ဖြစ်၏။ သို့ရာတွင် ဘရက်ဒ်မှာ ပြင်းထန်သော ဖိအားများကို ခံနိုင်ရည် မရှိပေ။ ဂျိုးဆက် ကတော့ ဘရက်ဒ်

သူတို့ အနီးတစ်ဝိုက်မှာ မရှိသည့် အချိန်ဆိုလျှင် ကြက်အသည်း ဗစ်ကာ ဟု နာမည်ပြောင် ခေါ်လေ့ရှိ၏။ များ သောအားဖြင့် S.T.A.R.S တပ်ဖွဲ့ဝင် များမှာ အချင်းချင်း တစ်ဦးအပေါ်တစ်ဦး လေးစားဂုဏ်ယူ တတ်ကြ သော်လည်း ဂျိုးဆက်၏ နာမည်ပြောင် ပေးခြင်းကိုတော့ သဘောမတူသည့် လူ မရှိကြပေ။

"ဆိုတော့... အဲဒါကြောင့် ပဲ စပန်ဆာ ဆောက်လုပ်ရေး စီမံကိန်းကို ရပ် လိုက်ရတယ်ပေါ့ "

ဘရက်ဒ်က မေးခွန်းကို ဘယ်ရီ့ဆီသို့ ဦးတည်၍ မေးလိုက်၏။ သူ့ပါးပြင်နှစ်ဖက်မှာ နီရဲနေဆဲပင်။

ဘယ်ရီက ပခုံးတွန့်ပြလိုက်သည် ။

"ငါ့အထင်ကို ပြောတာပါ... ဒီစီမံကိန်းက အမ်ဘရဲလားရဲ့ ထိပ်တန်းအမှုဆောင် ပုဂ္ဂိုလ်တွေအတွက် တည်းခိုအိမ် သဘောမျိုး ဆောက်တာပဲ... ဆောက်ပြီး ချက်ချင်းပဲ ထရီဗာ ပျောက်သွားတာ... ဘာပဲဖြစ်ဖြစ် စပန်ဆာက လူထူးပဲကွ... သူက အမ်ဘရဲလား ဌာနချုပ်ကို ဥရောပကို ပြောင်းဖို့ ဆုံးဖြတ်လိုက်တယ် ဆိုလားပဲ... ဘယ်နေရာလဲ ဆိုတာတော့ ငါမေ့နေပြီ...

ဒီလိုနဲ့ ပဲ စံအိမ်ကြီးကို ပျဉ်ချပ်တွေ ကပ်ရိုက်ပြီး ပိတ်ထားလိုက်ရော ဆိုပါတော့... ဒေါ်လာ နှစ်သန်းလောက် ပလုံ သွားတာပေ့ါလေ"

ဂျိုးဆက်က လှောင်ပြုံး ပြုံးလိုက်သည် ။

"အင်းနော်... အမ်ဘရဲလားတော့ တော်တော် ခံစားရရှာမှာ ပဲ"

တကယ့်ကို ပြည့်စုံသွားပေပြီ။ စပန်ဆာဟာ ရူးနေတာလည်း ဖြစ်နိုင်သည် ။ သို့သော် သူ့တွင် လူတော် လူချွန်များကို ငှားရမ်းသုံးစွဲဖို့ ငွေကြေးအင်အား ပြည့်စုံသလို စီးပွားရေး အကြောနပ်သူ တစ်ယောက်လည်းဖြစ်သည် မဟုတ်ပါလား။ အမ်ဘရဲလားမှာ ကမ္ဘာပေါ်တွင် အကြီးဆုံးသောဆေးသုတေသနနှင့် ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီကြီး ဖြစ်သည် ။ လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်ခန့်က ဒေါ်လာသန်း အနည်းငယ်လောက်

ဆုံးရှုံးသွားသည် ကိုပင် ပြောပလောက်အောင် ထိခိုက်ခြင်း မရှိခဲ့ပေ။

"ဘာပဲဖြစ်ဖြစ်"

ဂျိုးဆက်က ဆက်ပြောသည် ။

အမ်ဘရဲလားကလူတွေ အိုင်းယွန်းစ်ကို ပြောတာတော့ သူတို့ လူလွှတ်ပြီး

အဲဒီနေရာကို စစ်ဆေးခိုင်းပြီးပြီတဲ့ ... လုံလုံခြုံခြုံပါပဲ... ဖောက်ထွင်း ခံထားရတာမျိုး မရှိပါဘူးတဲ့ "

"ဒါဖြင့် ဘာကြောင့် ပုံကြမ်းတွေကို ရှာနေရတာလဲ"

ဘရက်ဒ်က မေးလိုက်သည် ။

အဖြေ ဝင်ပေးလိုက်သူက ခရစ်စ်။ ဘယ်ရီ လန့်ဖျပ်သွား၏။ သူက ပြန်လှည့်ပြီး သူတို့ ထံသို့ လျှောက်လာသည် ။ ခရစ်စ်၏ ငယ်ရွယ်နုပျိုသော မျက်နှာပေါ်တွင် ရုတ်တရက် အလွန် လေးနက်သော အမူအရာ ပေါ်နေသည် မှာ သည်းသည်းလှုပ် လွန်းသောပုံစံ ပေါက်လုနီးပါးပင်။

"ဘာကြောင့် လဲဆိုတော့ အဲဒီနေရာဟာ သစ်တောထဲမှာ ရဲတွေ မစစ်ဆေးရသေးတဲ့ တစ်ခုတည်းသော နေရာဖြစ်နေလို့ ပဲ... နောက်ပြီး အဲဒီနေရာဟာ ပြစ်မှုဖြစ်ပွားတဲ့ နေရာတွေရဲ့ အလယ်တည့်တည့် လောက်မှာ ရှိနေတာ... ပြီးတော့ လူတွေပြောသမျှကို ယုံကြည်နေလို့ မဖြစ်တဲ့ အတွက်ကြောင့် ပဲ"

ဘရက်ဒ်က သဘောမတူသော အမူအရာ လုပ်လိုက်သည် ။

"ဒါပေမဲ့ အမ်ဘရဲလားက တစ်ယောက်ယောက်ကို စစ်ဆေးခိုင်းလိုက် ပြီးပြီဆိုရင်..."

ခရစ်စ် ပြန်ပြောမည့် စကားမှာ မည်သည့် အရာပဲ ဖြစ်ဖြစ် အခန်းရှေ့မှ ထွက်ပေါ်လာသော ဝက်စ်ကာ၏ နူးညံ့သော အသံက စကားစကို ဖြတ်ချလိုက်သည် ။

"ဟုတ်ပါပြီ... ကိုယ့်လူတို့ ... မစ္စဗယ်လင်တိုင်း တစ်ယောက် ရောက်လာမယ့် အခြေအနေကို မမြင်ရသေးရင် တို့ တွေ ဘာကြောင့် အစည်းအဝေး မစပဲ နေရမှာ လဲ"

ဘယ်ရီ သူ့စားပွဲဆီသို့ ပြန်လျှောက် သွားသည် ။

ဒီအဖြစ်အပျက်တွေ ဖြစ်ပွားပြီး ကတည်းက ပထမဆုံးအကြိမ် အဖြစ် သူ ခရစ်စ်အတွက် စိုးရိမ်လာမိသည် ။ လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က ဒေသခံသေနတ် အရောင်းဆိုင် တစ်ဆိုင်တွင် သူတွေ့ရှိခဲ့သည့် ငယ်ရွယ်သော အမျိုးသားလေးကို S.T.A.R.S တပ်ဖွဲ့အတွက် အဖွဲ့ဝင် အသစ် အဖြစ် ခေါ်ယူဖို့ အခွင့်အရေး ရခဲ့ခြင်းကြောင့် ကံတရားကို ကျေးဇူးတင်မိသည် ။ ခရစ်စ်ဟာ အဖွဲ့အတွက် အဖိုးတန် အရည်အချင်းနှင့် ပြည့်စုံသူ

ဖြစ်ကြောင်း သက်သေပြခဲ့သည် ။ ထက်မြက်မှု အတွေးအခေါ် ကောင်းမှု တို့ အပြင် အရည်အသွေး အမြင့်ဆုံး သေနတ်သမားလည်း ဖြစ်သလို ပိုင်းလော့ အဖြစ်လည်း စွမ်းဆောင်နိုင်သူ ဖြစ်သည် ။

ဒါပေမဲ့ အခုကတော့...

ဘယ်ရီ သူ့စားပွဲပေါ်မှ ကေသီနှင့် မိန်းကလေးများ ၏ ပုံကို မြတ်နိုးစွာ ငေးစိုက်ကြည့် နေမိသည် ။ ရက်ကွန်းစီးတီးတွင် ဖြစ်ပွားခဲ့သော လူသတ်မှု များ နှင့် ပတ်သက်၍ ခရစ်စ်၏ အစွဲလန်း ကြီးနေခြင်းကို သူ နားမလည်နိုင်တော့ပေ။ အထူးသဖြင့် သူ့သူငယ်ချင်းဖြစ်သူ ပျောက်ဆုံး သွားကတည်းက စလို့ ပေ့ါ။ ဒီမြို့ထဲက ဘယ်သူမှ လူတစ်ယောက် သေရတာကို မမြင်ချင်ကြပေ။ ဘယ်ရီမှာ လည်း မိသားစုရှိသည် ။

အဖွဲ့ထဲက တခြားသူတွေလိုပင် သူကိုယ်တိုင်လည်း လူသတ်ကောင်ကို နှိမ်နင်းဖို့ အခိုင်အမာ ဆုံးဖြတ်ထားသည် မဟုတ်ပါလား။ သို့ရာတွင် ခရစ်စ်၏ အတောမသတ်နိုင်သော သံသယများက နည်းနည်းတော့ လွန်ကဲလာသလိုပင်။ သူပြောတဲ့ စကားရဲ့ အဓိပ္ပာယ်က

"လူတွေပြောသမျှကို အမြဲတမ်း ယုံကြည်နေလို့ မဖြစ်ဘူးတဲ့ လား"

ဒီစကားက အမ်ဘရဲလားက လိမ်ပြောနေတာ မဟုတ်ရင် ရဲချုပ်အိုင်းယွန်းစ်က လိမ်နေတယ်လို့ ဆိုလိုတာလား။ ပေါက်ကရတွေပဲ။ မြို့စွန်တွင် ရှိသော အမ်ဘရဲလား၏ ဓာတုဗေဒ စက်ရုံခွဲနှင့် စီမံအုပ်ချုပ်ရေး အဆောက်အဦများက ရက်ကွန်းစီးတီးမှ အလုပ်အကိုင် အခွင့်အလမ်းများ၏ လေးပုံသုံးပုံလောက်ကို အထောက်အပံ့ ပေးနေခြင်း ဖြစ်သည် ။ လိမ်ညာသည် ဆိုပါက သူတို့ အတွက် ကောင်းကျိုး ရှိလိမ့်မည် မဟုတ်ပေ။

ထို့အပြင် အမ်ဘရဲလား၏ ဂုဏ်သိက္ခာမှာ လည်း အနည်းဆုံးတော့ တခြားမည်သည့် စီးပွားလုပ်ငန်းစု ကော်ပိုရေးရှင်း ကြီးများ နှင့် မဆို ယှဉ်လို့ ရသည် ။ စက်မှုလုပ်ငန်း သူလျှိုလုပ်တာ တချို့တော့ ရှိနိုင်သော်လည်း ဆေးဝါးလျှို့ဝှက် အလဲအလှယ် လုပ်ကြတာမျိုးနဲ့ လူသတ်မှုနဲ့ က တခြားစီပဲ။ ပြီးတော့ ရဲချုပ်အိုင်းယွန်းစ်... ဝဖြိုးပြီး ဖျဲလိုမျက်နှာနှင့် လေလုံးထွားသော်လည်း တရားမဝင်

မဲဆွယ်စည်းရုံးရေး ရန်ပုံငွေများ လက်ခံခြင်းထက် ပိုသော အမည်းစက်ထင်မည့် အလုပ်များကို လုပ်မည့် သူ မဟုတ်ပေ။ ခရစ်စ်၏ အပြောအရ ဆိုလျှင် ဒီငနဲကြီးက မြို့တော်ဝန် လုပ်ချင်နေတာတဲ့ ။

ဘယ်ရီ သူ့မိသားစုပုံကို ကြာကြာလေး ငေးကြည့်နေပြီးမှ သူ့ထိုင်ခုံကို ဝက်စ်ကာ၏ စားပွဲဘက်သို့ လှည့်လိုက်သည် ။ တစ်ချိန်တည်းမှာ ပင် သူ ရုတ်တရက် သဘောပေါက်လိုက် သည် မှာ သူဟာ ခရစ်စ်ပြောတာတွေ အမှန်တကယ် မဟုတ်စေချင်ဘူး ဆိုတာကိုပင်။ ရက်ကွန်းစီးတီးထဲမှာ ဘာတွေပဲဖြစ်နေနေ ယခုလို ရက်စက်ကြမ်းကြုတ် လူမဆန်သော မှုခင်းများမှာ အကွက်ချ စီစဉ်ထားခြင်းမျိုး မဖြစ်နိုင်ပေ။ ထိုအခိုက်ဟွာယ်မှာ ...

ဘယ်ရီ မစဉ်းစားတတ်တော့။ သူ သက်ပြင်းချလိုက်ပြီး အစည်းအဝေးစတင်မည့် အချိန်ကိုသာ စောင့်နေလိုက်တော့သည် ။

***

## Chapter (2)

ဂျေးလ် S.T.A.R.S တပ်ဖွဲ့၏ ပွင့်လျက်ရှိသော ရုံးခန်းတံခါးဆီသို့ အပြေးလေးလာနေစဉ် ဝက်စ်ကာ၏ စကားသံကို ကြားလိုက်ရသောကြောင့် အလွန်အမင်း စိတ်သက်သာရာ ရသွားသည် ။ သူမ ရောက်လာချိန်တွင် တပ်ဖွဲ့၏ ဟယ်လီကော်ပတာ တစ်စီး ပျံသန်းထွက်ခွာသွားသည် ကို မြင်လိုက်ရသောကြောင့် အဖွဲ့သားများမှာ သူမ မပါဘဲ သွားကြပြီဟု ထင်လိုက်မိသည် ။

S.T.A.R.S တပ်ဖွဲ့မှာ အပြန်အလှန် လေးစားမှုကို အခြေတည်ထားပြီး အတော်လေးကို လွတ်လပ်သည့် တပ်ဖွဲ့ ဖြစ်သော်လည်း ရင်ပေါင်တန်း အမှီမလိုက်နိုင်သူများ အတွက် လုံးဝနေရာမရှိပေ။ သူမမှာ လည်း ဤအမှုကို ကိုင်တွယ်ရာ၌ အစအဆုံး ပါဝင်ခွင့်ရချင်နေသည် မဟုတ်ပါလား။

"ရက်ကွန်းရဲ့တပ်ဖွဲ့က နယ်မြေတစ်ခုလုံးကို ရှာဖွေလို့ ပြီးသွားပြီ... အမှတ်တစ်... အမှတ်လေး... အမှတ်ခုနစ်နဲ့ အမှတ်ကိုး နယ်မြေတွေကို လွှမ်းခြုံထားနိုင်ပြီ... ငါတို့ စိတ်ပူနေကြတဲ့ အလယ်ဇုန်ကိုတော့... ဘရာဗိုအဖွဲ့က ဒီနေရာမှာ ဆင်းလိမ့်မယ်"

အနည်းဆုံးတော့ သူမ သိပ်နောက်မကျသေးပေ။ ဝက်စ်ကာမှာ အမြဲတမ်းပင် အစည်းအဝေးအား လက်ရှိ အခြေအနေများကို ပြောကြားခြင်း သီအိုရီအသစ်ထုတ်ခြင်း ထို့နောက် အမေးအဖြေလုပ်ခြင်း စသဖြင့် တူညီသော ပုံစံဖြင့်သာ ပြုလုပ်လေ့ရှိသည် ။ ဂျေးလ် အသက်ပြင်းပြင်း ရှူလိုက်ရင်း ရုံးခန်းထဲသို့ ဝင်သွားလိုက်သည် ။ ဝက်စ်ကာမှာ အခန်းရှေ့တွင် ကပ်ထားသော

မြေပုံတစ်ခုကို ညွှန်ပြနေ၏။ မြေပုံပေါ်၌ အလောင်းများ

တွေ့ရှိခဲ့သည့် နေရာများကို ရောင်စုံစက်ကွက်များ ဖြင့် အမှတ်အသား ပြု ထားသည် ။ ဂျေးလ် သူမစားပွဲရှိရာသို့ အလျင်အမြန် လျှောက်သွားချိန်တွင် ဝက်စ်ကာ စကားပြောနေတာ အနည်းငယ် တုံ့ဆိုင်းသွားသည် ။ ဂျေးလ်မှာ အခြေခံ လေ့ကျင့်ရေး ဆင်းနေတုန်းက အတန်းချိန် နောက်ကျမှ ရောက် သွားသည့် ခံစားချက်မျိုး ရုတ်တရက် ပြန်ခံစားလိုက်ရ၏။

သူမ ဝင်ထိုင်လိုက်ချိန်တွင် ခရစ်စ်ရက်ဖီးက မပွင့်တပွင့် လှမ်းပြုံးပြသည် ။ ဂျေးလ်က သူ့ကို ခေါင်းတချက် ပြန်ညိတ်ပြလိုက်ပြီး ဝက်စ်ကာထံ အာရုံစိုက်လိုက်၏။ သူမမှာ ရက်ကွန်းတပ်ဖွဲ့တွင် မည်သူနှင့် မျှ ကောင်းကောင်း မရင်းနှီးသေးပေ။ သို့ရာတွင် ခရစ်စ်ကတော့ သူမ ရောက်လာချိန် ကတည်းကပင် ကြိုဆိုသည့် ခံစားချက်မျိုး ရစေရန် အမှန် တကယ် အားထုတ်ခဲ့သည် ။

"အဓိကကျတဲ့ တခြားနယ်မြေတွေပေါ်ကို တစ်ကြိမ် ပျံသန်းကြည့်ပြီးတာ နဲ့ သူတို့ သတင်းပို့ပေးလိမ့်မယ်... ဒါဆို ငါတို့ ဘယ်နေရာကို အဓိကထား ပြီး စစ်ဆေးသင့်လဲဆိုတာ သိလာရမှာ ပေါ့"

"ဒါပေမဲ့... စပန်ဆာခြံကြီးကိုရော"

ခရစ်စ်က မေးလိုက်သည် ။

"အဲဒီနေရာက အခင်းဖြစ်ပွားတဲ့ နေရာတွေရဲ့ အလယ်နားလောက်မှာ ရှိ နေတာ ... ကျွန်တော်တို့ သာ အဲဒီနေရာကစပြီး စစ်ဆေးမယ်ဆိုရင် ရှာဖွေရေးကို ပိုပြီး ပြည့်စုံအောင် စီမံခန့်ခွဲနိုင်မှာ ပဲ"

"မင်း စိတ်ချပြီးသာနေပါ... ဘရာဗိုတပ်ဖွဲ့က ပို့မယ့်သတင်းမှာ မင်းပြော ပြောနေတဲ့ နေရာကို ညွှန်ပြနေတဲ့ အချက်အလက် ပါလာခဲ့ရင် ငါတို့ အဲဒီ

နေရာကို စစ်ဆေးမှာ ပါ... အခု လောလောဆယ်တော့ အဲဒါဟာ ဦးစားပေး ရှာဖွေသင့်တဲ့ နေရာလို့ စဉ်းစားနိုင်လောက်တဲ့ ဘာအကြောင်းပြချက်မှ မ မြင်သေးဘူး"

ခရစ်စ်က မယုံကြည်နိုင်စွာ ကြည့်လိုက်သည်။

"ဒါပေမဲ့ ကျွန်တော်တို့ မှာ အဲဒီနေရာ အမှန်တကယ် စိတ်ချရကြောင်း သိ ရတာဆိုလို့ အမ်ဘရဲလား ကုမ္ပဏီရဲ့ အပြောတစ်ခုပဲ ရှိတာနော်"

ဝက်စ်ကာက သူ၏ သန်မာပြီး ခံစားချက်မဲ့သော မျက်နှာကြီးဖြင့် စားပွဲ ပေါ်သို့ ကိုင်း၍ ကြည့်လိုက်သည်။

"ခရစ်စ်... ငါတို့ အားလုံးက ဒီပြဿနာရဲ့ အရင်းအမြစ်ကို ရှာချင်နေကြ တာပဲ... ဒါပေမဲ့ ငါတို့ ဟာ အဖွဲ့တစ်ခုအနေနဲ့ အလုပ်လုပ်မှ ရမယ်... ပြီး တော့ ငါတို့ စလို့ အပြီးသတ် ကောက်ချက် မဆွဲခင်မှာ အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းဖို့ က ပျောက်ဆုံးနေတဲ့ ခြေကျင်တောင်တက် သမားတွေ ကို တွေ့တဲ့ အထိ လိုက်ရှာဖို့ ပဲ... ဘရာဗိုအဖွဲ့က စစ်ဆေးလိမ့်မယ်... ငါတို့ ကတော့ စာအုပ်ကြီး အတိုင်းပဲ စီမံခန့်ခွဲမယ်"

ခရစ်စ် ဘဝင်မကျသော်လည်း ဘာမှ ထပ်မပြောတော့ပေ။ ဂျေးလ်မှာ ဝ က်စ်ကာ၏ မိန့်ခွန်းလေးကို အာရုံစိုက်နိုင်ရန် သူမမျက်လုံးကို အတင်းပြူး ပြဲ ဖွင့်ထားရသည်။

ဝက်စ်ကာဟာ လုပ်ထုံးလုပ်နည်းအတိုင်း တစ်သဝေမတိမ်း လုပ်နေခြင်း ဖြစ်သော်လည်း အိုင်းယွန်းစ် ဖြစ်စေချင်သော နိုင်ငံရေးအရ လိမ္မာပါးနပ်စွာ ကိုင်တွယ်ရန်ဆိုသည့် အပိုင်းကို ချန်လှပ်ပစ်ခဲ့သည် ။ အိုင်းယွန်းစ်က သူ ဟာ ဤကဲ့သို့ အရှုံးအမူး သတ်ဖြတ်မှုများကို စုံစမ်းစစ်ဆေးရေးတွင် တာဝန်ရှိသူဖြစ်သလို ကိုင်တွယ်ဖြေရှင်းသည့် နေရာတွင် လည်း သူ့ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်

ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ပြောထားပြီးသားပင်။ ဂျေးလ်မှာ ဝက်စ်ကာ၏ လုပ်ပုံကိုင်ပုံကို သိပ်စိတ်အနှောင့်အယှက် မဖြစ်မိပေ။ ဝက်စ်ကာဟာ သူ့ကိုယ်သူ နိုင်ငံရေးနှင့် ရောရောထွေးထွေး မလုပ်တတ်သော လွတ်လပ်သည့် အတွေးအခေါ်သမား တစ်ယောက်ပုံစံ ဖမ်းနေခြင်းက လွဲလို့ ပေါ့။ သူမမှာ လည်း သောက်ရေးမပါသည့် ကြိုးနီစနစ်များ ကြီးစိုးခြယ်လှယ်လျက် ရှိသော ဥပဒေအဖွဲ့အစည်းများကို စိတ်ကုန်၍ S.T.A.

R.S တပ်ဖွဲ့သို့ ဝင်ရောက်ဖြစ်ခဲ့ခြင်း မဟုတ်ပါလား။ ဝက်စ်ကာမှာ ရဲချုပ်တစ်ယောက် မခံချိမခံသာ ဖြစ်စေရန် တမင် အချိန်ဆွဲနေခြင်း ဖြစ်ကြောင်း သိသာနေ၏။

အင်းလေ ... နင်သာ အသက်မွေးဝမ်းကျောင်း အလုပ်ကို မပြောင်းလဲခဲ့ဘူး ဆိုရင် ထောင်ထဲကို တန်းနေမှာ ပဲ ဆိုတာလည်း မေ့မသွားနဲ့ ပေါ့...

"ဂျေးလ်... နင် အခန်းထဲကို အသာလေး ဝင်လာတာ ငါမြင်လိုက်တယ်... နင့်ရဲ့ ထက်မြက်တဲ့ ထိုးထွင်းသိမြင်နိုင်စွမ်းနဲ့ ငါတို့ ကို ရှင်းပြစမ်းပါဦး... နင် ဘာတွေ သိလာခဲ့ပြီလဲ"

ဂျေးလ်မှာ ဝက်စ်ကာ၏ စူးရှသော အကြည့်ထဲတွင် တည်ငြိမ်သည့် ပုံ ပေါ်အောင် တတ်နိုင်သလောက် ကြိုးစား ထိန်းချုပ်ထားရသည့် အရိပ်အယောင်ကို တွေ့မြင်လိုက်ရသည် ။

"အသစ်ထပ်တွေ့တာ မရှိပါဘူးလို့ ပြောရမှာ ကျွန်မ စိုးရိမ်မိတယ်... သိသာထင်ရှားတဲ့ တစ်ခုတည်းသော နမူနာကတော့ တည်နေရာပါပဲ"

ဂျေးလ်မှာ အကိုးအကားအတွက် ရှေ့ဖိုင်တွဲပုံမှ မှတ်စုများကို ကပျာကယာ ငုံ့ကြည့်လိုက်သည် ။

"အာ... ဘက်ကီနဲ့ မက်ဂီတို့ နှစ်ယောက်ရယ်... ပြီးတော့ ခရစ်စမစ်ရဲ့

လက်သည်းခွံအောက်က ရတဲ့ တစ်သျှူးနမူနာတွေဟာ အတိအကျ ကိုက်ညီမှု ရှိနေတယ်... ဒီအချက်အလက်ကို ကျွန်မတို့ မနေ့က ရခဲ့တာ... ပြီးတော့ တတိယမြောက် သားကောင်ဖြစ်ခဲ့တဲ့ တွန်ညာလစ်ပ်တန်ဟာ တောင်ခြေ တောင်ပူစာတွေဆီ ခြေကျင်ခရီး ထွက်ခဲ့တာ အသေအချာပဲ... အဲဒီနေရာဟာ နယ်မြေ 7-B ပဲ"

သူမ၏ စကားကို အရှိန်မြှင့်သည့် အနေဖြင့် ဝက်စ်ကာကို ပြန်ကြည့်လိုက်သည်။

***

"ကျွန်မတွေးမိတဲ့ သီအိုရီအရ ဆိုရင်တော့ ဘာသာရေး ယုံကြည်မှု အစွဲအလန်းနဲ့ ဆိုင်တဲ့ အခမ်းအနား နေရာတစ်ခုဟာ တောင်တန်းပေါ်မှာ လျှို့ဝှက်တည်ရှိနေတာမျိုး ဖြစ်နိုင်တယ်... အမာခံအဖွဲ့ဝင် လေးယောက်ကနေ ဆယ့်တစ်ယောက်လောက် ရှိပြီးတော့ တိုက်ခိုက်ဖို့ လေ့ကျင့်ထားတဲ့ အစောင့်ခွေးတွေနဲ့ သူတို့ ရဲ့ နယ်မြေကို ကျူးကျော်ဝင်ရောက်လာတဲ့ သူတွေကို သတ်ဖြတ်နေတာ ဖြစ်နိုင်တယ်"

"ဒါက မင်း ရထားသမျှ အချက်အလက်တွေကို အခြေခံပြီး ကောက်ချက်ချလိုက်တာပေါ့"

ဝက်စ်ကာက လက်ပိုက်ရင်း စောင့်နေသော်လည်း အနည်းဆုံးတော့ ဘယ်သူမှ မရယ်ကြပေ။ ဂျေးလ်က ရှေ့သို့တစ်ဆင့်တက်၍ အရေးကြီးသော အပိုင်းကို စိတ်ပါလက်ပါ ပြောလိုက်သည်။

"လူသားစားတာနဲ့ ကိုယ်ခန္ဓာကို ဆုတ်ဖြဲ သတ်ဖြတ်တာတွေဟာ ဘာသာရေး ယုံကြည်မှု တစ်ခုနဲ့ ဆိုင်တဲ့ အပြုအမူမျိုး ဖြစ်နေတယ်... တချို့ သားကောင်တွေဆီမှာ ကျန်နေခဲ့တဲ့ ပုပ်သိုး ဆွေးမြည့်နေတဲ့ အသားစတွေကို တွေ့ရတာဟာ လူသတ်ကောင်တွေက သူတို့ အရင်က သတ်ဖြတ်ခဲ့တဲ့

အမည်မသိ သားကောင်တွေရဲ့ ခန္ဓာ အစိတ်အပိုင်းတွေကို ယူလာတာကြောင့် ဖြစ်မယ်... ကိုယ်ထိလက်ရောက် ရန်ပြုတိုက်ခိုက်ခံခဲ့ရတဲ့ သီးခြား

လူလေးယောက်ဆီကနေ တံတွေးနဲ့ တစ်သျှူးနမူနာတွေကို ကျွန်မတို့ ရထားတယ်... မျက်မြင်သက်သေ အစီရင်ခံစာတွေကိုလည်း လူဆယ်ယောက် ဆယ့်တစ်ယောက်လောက်ဆီက ကောက်ယူထားတယ်... တိရစ္ဆာန် ကိုက်သတ်ခံရတဲ့ လူတွေ အားလုံး ဒါမှ မဟုတ် တိုက်ခိုက်ခံရတဲ့ နေရာ အားလုံးဟာ တူညီတဲ့ ပတ်ဝန်းကျင်မှာ ဖြစ်ပွားတာပဲ... ဒါကြောင့် တိုက်ခိုက်တဲ့ အရာတွေဟာ သတ်မှတ်ထားတဲ့ နေရာလိုမျိုး အဝိုင်းအဝန်း တစ်ခုမှာ

လှည့်လည်သွားလာနေကြတာ ဖြစ်မယ်လို့ ယူဆနိုင်ပါတယ်... တံတွေးသဲလွန်စတွေအရဆိုရင် တိုက်ခိုက်တဲ့ အရာဟာ ခွေးလိုမျိုး အစွယ်ရှိပုံရတယ်... သဘောမတူကြတာ တချို့လည်း ရှိနေသေးပေမယ့်ပေါ့..."

သူမက အသံကို တဖြည်းဖြည်း တိုးလိုက်ရင်း စကားကို အပြီးသတ်လိုက်သည် ။ ဝက်စ်ကာ၏ မျက်နှာမှာ မည်သည့် ခံစားချက်ကိုမျှ မဖော်ပြပေ။ သို့သော် သူက ဖြည်းညင်းစွာ ခေါင်းညိတ် ပြလိုက်သည် ။

"မဆိုးပါဘူး... ကောက်ချက်ချတာ မဆိုးပါဘူး... မှားနေတာပဲ မဟုတ်လား"

ဂျေးလ် သက်ပြင်းချလိုက်သည် ။ သူမ၏ ကိုယ်ပိုင်သီအိုရီ ပစ်ပယ်ခံရခြင်းကို မုန်းတီးသော်လည်း ရိုးသားစွာ ပြောရလျှင် ဒါဟာလည်း အလုပ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည် ။ သူမတို့ အလုပ်တွင် အားပေးတိုက်တွန်းမှု အခံရဆုံးမှာ ရှင်းလင်းတိကျပြီး ယုတ္တိရှိစွာ စဉ်းစားတွေးခေါ်ရန် ဆိုသည့် အပိုင်းပင်။ S.T.A.R.S တပ်ဖွဲ့မှာ သူ့တပ်ဖွဲ့ဝင်များကို တစ်ယူသန် အစွဲအလမ်း မကြီးစေရန် လေ့ကျင့် ပေးထားသည် ။

သူမက မှတ်စုများကို တစ်ချက် ပြန်ငုံ့ကြည့်လိုက်သည် ။

"ဒါဟာ လုံး၀ ယုံကြည်နိုင်စရာ မရှိပေမဲ့ ဒီအုပ်စု လှုပ်ရှားနေတဲ့ နေရာက အများကြီး ပိုကျယ်ပြန့်လာတယ်... လူသတ်မှုတွေ စတင်ဖြစ် လာပြီး သိပ်မကြာလိုက်ခင်မှာ ပဲ နယ်မြေအနီးကို ကပ်လာတယ်... ရက်ကွန်းရဲတပ်ဖွဲ့ဟာ အခုချိန်မတိုင်ခင်ကတည်းက ဒီလက္ခဏာတွေကို တွေ့ထားခဲ့တာ ... ဒီလိုမျိုး အပြုအမူတချို့ မြင့်တက်လာနေသလို အလောင်းကို ခွဲစိတ် စစ်ဆေးချက်တွေ အရလည်း ရက်စက် ကြမ်းကြုတ်မှု အဆင့်က

စည်းလွတ်ဝါးလွတ် ပြစ်မှုကျူးလွန်သူတွေကို ညွှန်ပြနေတယ်... ပြီးတော့ သူတို့ က တစ်ကိုယ်တော် ကျူးလွန်ကြလေ့ရှိတယ်"

အယ်လ်ဖာအဖွဲ့၏ ယာဉ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူဖြစ်သည့် ဂျိုးဆက်ဖရော့စ်က အခန်း နောက်ဘက်ကနေ ရုတ်တရက် ဝင်ပြောလိုက်သည် ။

"သတင်းတွေကလည်း တိရစ္ဆာန်တွေရဲ့ တိုက်ခိုက်မှုလို့ ယူဆနေကြတာပဲ... သူတို့ ပိုင်နက်ကို ကာကွယ်ဖို့ တိုက်ခိုက်တယ်ဆိုတဲ့ အချက်ကို... ထပ်ဖြည့်ရမှာ ပေါ့..."

ဝက်စ်ကာက ဘောပင်ကို ကောက်ယူလိုက်ကာ သူ့စားပွဲဘေးရှိ ခြောက်သွေ့အောင် ပွတ်သုတ်ထားသော သင်ပုန်းဆီသို့ လျှောက်သွားရင်း ပြောလိုက်သည် ။

"ငါ သဘောတူတယ်"

သူက သင်ပုန်းပေါ်တွင် "ပိုင်နက်ကာကွယ်ခြင်း" ဟု ရေးလိုက်ပြီး ဂျေးလ်ဆီသို့ ပြန်လှည့်ကြည့်လိုက်သည် ။

"နောက်ထပ် ပြောစရာ ရှိသေးလား"

ဂျေးလ်က ခေါင်းခါပြလိုက်သည် ။ သူမလည်း တစ်စုံတစ်ရာ ပါဝင်

အကြံပြုလိုက်ရသောကြောင့် ကျေနပ်မှုကို ခံစားလိုက်ရသည် ။ သူမမှာ အကြမ်းဖက်အဖွဲ့၏ သဘောသဘာဝကို ချဉ်းကပ်နိုင်ခဲ့ကြောင်း သိနေသည် ။ ဒါဟာလည်း သူမ စဉ်းစားနိုင်သမျှ အကုန်ပင်။ ရဲများမှာ လည်း သူမထက် ပိုကောင်းသော ကောက်ချက်မျိုး မစဉ်းစားနိုင်ကြတော့တာ အသေအချာပင်။

ဝက်စ်ကာ၏ အာရုံက ဤတိုက်ခိုက်မှုများမှာ အကြမ်းဖက်ဝါဒ၏ စရိုက်အသစ် ဖြစ်နိုင်ပြီး မကြာခင်မှာ သူတို့ ၏ တောင်းဆိုချက်များကို ထုတ်ပြန်လာနိုင်ကြောင်း တင်ပြသော ဘရက်ဒ်ဗစ်ကာ ထံသို့ ရောက်သွားသည် ။ ဝက်စ်ကာက သင်ပုန်းပေါ်တွင် "အကြမ်းဖက်ဝါဒ" ဟု ချရေးလိုက်သော်လည်း ဤစိတ်ကူးကို သိပ်စိတ်ဝင်စားပုံ မရပေ။ အခြားသူများမှာ အသံတိတ်နေသည် ။ ဘရက်ဒ်မှာ သူ့နားကြပ်ဆီသို့ အမြန်ပြန်သွားပြီး

ဘရာဗိုအဖွဲ့၏ အခြေအနေကို စစ်ဆေးနေသည် ။

ဂျိုးဆက်နှင့် ဘယ်ရီတို့ နှစ်ဦးမှာ လည်း ထင်မြင်ချက် မပေးကြတော့ပေ။ သတ်ဖြတ်မှုများ အပေါ် ခရစ်စ်၏ ထင်မြင်ယူဆချက်က ရေပန်းစားနေလေပြီ။

တပ်အပ်မှုချ မပြောနိုင်သော်လည်း တိုက်ခိုက်မှုများ ၏ နောက်ကွယ်တွင် အဖွဲ့အစည်းတစ်ခု ရှိနေကြောင်းနှင့် ပြည်ပမှ ထိန်းချုပ်မှုလည်း တစ်နည်းနည်းနှင့် ပါဝင်ပတ်သက်နေပုံရကြောင်း သူ ယုံကြည်နေမိသည် ။

ဝက်စ်ကာက တခြား တင်ပြစရာ အချက်အလက်အသစ် ရှိသေးလား (ဂျေးလ် ကြားမိလိုက်တာ အလေးထားလောက်စရာ အချက်အလက်ဆိုပဲ) ဟု မေးသည် ကို ခရစ်စ် ခေါင်းခါပြလိုက်သည် ။ ခရစ်စ်မှာ စိတ်ဓာတ်ကျနေသောပုံ ပေါက်နေသည် ။

ဝက်စ်ကာက ဘောပင်အနက်ကို အဖုံးပြန်ဖုံးလိုက်ပြီး သူ့စားပွဲခုံ အစွန်း

တွင် ထိုင်ကာ သင်ပုန်းပေါ်မှ ကျယ်ပြန့်စွာ ကျန်ရှိနေသော ကွက်လပ်ကို လေးလေးနက်နက် စူးစိုက် ကြည့်လိုက်သည်။

"ဒါဟာ အစပဲ"

သူက ပြောသည်။

"မင်းတို့ အားလုံးဟာ ရဲနဲ့ သေမှုသေခင်း စုံစမ်းရေး အရာရှိတွေရဲ့ အစီရင်ခံစာတွေကို ဖတ်ပြီးကြပြီဆိုတာ ငါသိတယ်... ပြီးတော့ မျက်မြင်သက်သေတွေ ပြောတာကိုလည်း နားထောင်ပြီးကြပြီ"

"ဗစ်ကာ ရှိပါတယ်... ဒါပဲ"

အခန်းနောက်ဘက်မှ ဘရက်ဒ်၏ စကားပြောခွက်သို့ တိုးညင်းစွာပြောသံက ဝက်စ်ကာ၏ စကားကို ကြားဖြတ်လိုက်သည်။ ကပ္ပတိန်က သူ့လေသံကို နှိမ့်လိုက်ပြီး ဆက်ပြောသည်။

"အခု အနေအထားက... ငါတို့ ဘာတွေနဲ့ ရင်ဆိုင်နေရတယ် ဆိုတာ မသိသေးဘူး ဖြစ်နေတယ်... ရက်ကွန်း ရဲတပ်ဖွဲ့အနေနဲ့ ဒီအခြေအနေကို ဘယ်လို ကိုင်တွယ်မလဲ ဆိုတာ အားလုံးက စိုးရိမ်နေကြမှန်းလည်း ငါသဘောပေါက်တယ်... ဒါပေမဲ့ အခုချိန်မှာ ငါတို့ တွေ တက်တက်ကြွကြွနဲ့ အမှုကို တရားဝင် တာဝန်ယူကြ ရတော့မယ်... ငါ..."

"ဘာလဲ"

ဘရက်ဒ်အသံက ကျယ်လာသည်။ အခြားသူများ လိုပင် ဂျေးလ်လည်း အခန်းနောက်ဘက်သို့ လှည့်ကြည့် လိုက်မိသည်။ ဘရက်ဒ်ဟာ စိတ်လှုပ်ရှားစွာဖြင့် မတ်တတ်ရပ်နေပြီး လက်တစ်ဖက်က သူ့နားကြပ်၏ နားခွက်ကို ဖိထားသည်။

"ဘရာဗိုအဖွဲ့... သတင်းပို့ပါ... ထပ်ပြောမယ်... ဘရာဗိုအဖွဲ့... သတင်းပို့

ပါ..."

ဝက်စ်ကာ ထရပ်လိုက်သည် ။

"ဗစ်ကာ... စကားပြောစက်ကို ဖွင့်လိုက်"

ဘရက်ဒ်က သူ့စကားပြောစက် ခလုတ်ကို ထုပြီး ဖွင့်လိုက်သည် ။ စက်မှာ မီးလင်း လာပြီး ချိုးချိုးချွတ်ချွတ် လေလှိုင်း အနှောင့်အယှက်သံများက အခန်းကို ဖုံးလွှမ်းသွားသည် ။ ဂျေးလ်မှာ ရှုပ်ထွေးနေသည့် လေလှိုင်းသံ များကြားမှ လူသံကို ကြားနိုင်ရန် အားစိုက် နားထောင်နေမိသည် ။ သို့သော် စိတ်မောစရာ စက္ကန့်တော်တော် ကြာသည် အထိ ဘာမှ မကြားရပေ။

ထို့နောက်တွင် ...

"ခင်ဗျား ကြားရရဲ့လား စက်ချွတ်ယွင်း သွားတယ်... ကျွန်တော်တို့ လုပ်ဖို့ သွား..."

အသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသော လှိုင်း အနှောင့်အယှက်သံ များ ကြားတွင် ပျောက်ကွယ်သွားသည် ။ ထိုအသံမှာ ဘရာဗို အဖွဲ့ ခေါင်းဆောင် အင်ရီကိုမာရီနီ၏ အသံနှင့် တူလှသည် ။ ဂျေးလ်မှာ အောက်နှုတ်ခမ်းကို ကိုက်လျက် ခရစ်စ်နှင့် စိုးရိမ်ပူပန်သော အကြည့်ချင်း ဖလှယ် လိုက်သည် ။

အင်ရီကိုမှာ ဗျာများ နေသောပုံ ပေါ်သည် ။ သူတို့ အားလုံးမှာ နောက်ထပ် ခဏလောက် နားစွင့်ထောင် နေကြသေးသော်လည်း လေလှိုင်းသံ တရှဲရှဲမှ အပ ဘာမှ မကြားကြရတော့ပေ။

"တည်နေရာကကော"

ဝက်စ်ကာက အသံပြတ်ပြတ်နှင့် မေးလိုက်သည် ။

ဘရက်ဒ်၏ မျက်နှာက သွေးဆုတ် ဖြူဖျော့နေသည် ။

"သူတို့ အဲဒီမှာ ... အာ ... နယ်မြေနှစ်ဆယ့်နှစ်... နယ်မြေ (C) ရဲ့ အစွန်နားမှာ ... ကျွန်တော် လိုင်းဖမ်းလို့ မရတာ... အသံလွှင့်စက်လိုင်း ပိတ်သွားတယ်..."

ဂျေးလ်မှာ ကြက်သေသေ သွားသည် ။ အခြားသူများမှာ လည်း ထိုသို့ ခံစားနေရသည် ကို သူတို့ ၏ မျက်နှာပေါ်တွင် ရောင်ပြန်ဟပ်သလို မြင်နေရသည် ။ ရဟတ်ယာဉ်၏ အသံလွှင့်စက်မှာ မည်သို့သော ကိစ္စမျိုးပင်ဖြစ်စေ အလုပ်လုပ်နိုင်ရန် ဒီဇိုင်းဆွဲထားခြင်း ဖြစ်သည် ။ စက်ကို ပိတ်ကျသွားအောင်လုပ်ဖို့ တစ်ခုတည်းသော နည်းလမ်းမှာ စနစ်တစ်ခုလုံး ပိတ်ဆို့ခံရခြင်း သို့မဟုတ် အပြင်းအထန်

ထိခိုက်ပျက်စီးမှုဖြစ်ခြင်း စသော ကြီးကြီးမားမား တစ်စုံတစ်ရာ ဖြစ်ပျက်မှ သာ ပိတ်သွားနိုင်သည် ။

ပျက်ကျခြင်းကဲ့သို့ တစ်ခုခု ဖြစ်မှ ပေါ့။

ခရစ်စ်မှာ မြေပုံရပ်ညွှန်းများကို သိရှိလိုက်ခြင်းနှင့် အတူ သူ့အစာအိမ် ဆုပ်နယ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

စပန်ဆာခြ်ကြီး...။

***

မာရီနီဟာ စက်ချွတ်ယွင်းမှုအကြောင်း တစ်စုံတစ်ခု ပြောသွားခဲ့သည် ။ ဒါဟာ တိုက်ဆိုင်မှုတစ်ခု ဖြစ်နိုင်သော်လည်း ခံစားချက် သိပ်မကောင်းလှပေ။ ဘရာဗိုအဖွဲ့မှာ ဘေးအန္တရာယ် ရှိနေပေပြီ။ တည်နေရာက အမ်ဘာရဲလား စံအိမ်တော်ဟောင်းကြီး၏ ထိပ်တည့်တည့် နီးပါးလောက်တွင် ရှိနေသည် ။

ဤအတွေးများမှာ စက္ကန့်ပိုင်းလောက် အချိန်လေးတွင် သူ့ခေါင်းထဲ၌

ပလုံစီနေခြင်း ဖြစ်သည် ။ ထို့နောက်တွင် သူဟာ ထရပ်လိုက်ပြီး ထွက်ခွာရန် အသင့်ဖြစ်သွားသည် ။ ဘာတွေပဲ ဖြစ်နေဖြစ်နေ S.T.A.R.S တပ်ဖွဲ့ဟာ ကိုယ့်တပ်ဖွဲ့ဝင်တွေကို ဂရုစိုက်ရမည်။

ဝက်စ်ကာမှာ လှုပ်ရှားပြီးနှင့် နေပေပြီ။ သူ့သေ့ာတွဲဆီသို့ လက်လှမ်းကာ သေနတ်ထားသည့် အခန်းဆီသို့ ဦးတည်သွားရင်း အဖွဲ့ကိုလည်း အမိန့်ပေးနေသည် ။

"ဂျိုးဆက်... ဘုတ်အဖွဲ့ဆီကိုသွားပြီ သူတို့ သဘောတူအောင် ကြိုးစားလိုက်... ဗစ်ကာ... ရဟတ်ယာဉ်ကို စက်နှိုးပြီး ထွက်ခွာခွင့် တောင်းထား... ငါတို့ အားလုံး ငါးမိနစ်အတွင်း ထွက်ခွာဖို့ အသင့်ဖြစ်နေတာ မြင်ချင်တယ်..."

ကပ္ပတိန်က မီးခံတံခါးကို ဖွင့်လိုက်ချိန်တွင် ဘရက်ဒ်က နားကြပ်ကို ဂျိုးဆက်ထံသို့ ကမ်းပေးလိုက်ပြီး အခန်းအပြင်သို့ အမြန်ထွက်သွား၏။ အားဖြည့်သတ္တုတံခါးက လွဲယမ်းကာ ပွင့်သွားပြီး ခဲယမ်းမီးကျောက် သေတ္တာများ အပေါ်ဘက်တွင် ရိုင်ဖယ်သေနတ်များ လက်ကိုင်သေနတ်များ တင်ထားသောစင်နှင့် လက်နက်တိုက် ထွက်ပေါ်လာသည် ။ ဝက်စ်ကာက ကျန်သောလူများ ဘက်သို့ လှည့်ကြည့်လိုက်သည် ။

"ဘယ်ရီနဲ့ ခရစ်စ် မင်းတို့ နှစ်ယောက်က လက်နက်တွေကို ရဟတ်ယာဉ်ပေါ်ကို လုံခြုံစိတ်ချရအောင် သေသေချာချာ တင်ကြ... ဂျေးလ် နင်ကတော့ ကျည်ကာအင်္ကျီနဲ့ ကျောပိုးအိတ်တွေကို ယူခဲ့ပြီးတော့ ငါတို့ ကို ခေါင်မိုးပေါ်မှာ လာတွေ့..."

သူက သေ့ာတွဲထဲမှ သော့တစ်ချောင်းကို ဖြုတ်ယူပြီး သူမထံသို့ ပစ်ပေးသည် ။

"ငါ အိုင်းယွန်းစ်ဆီကို ဖုန်းခေါ်ပြီး ငါတို့ အတွက် အရန်အစီအစဉ်နဲ့

အရေးပေါ် ဆေးဘက်ကျွမ်းကျင် သူတွေကို လမ်းပိတ်ထားတဲ့ နေရာနားမှာ အသင့်ချထားပေးဖို့ ပြောရဦးမယ်"

ဝက်စ်ကာမှာ ပြောလို့ အပြီးတွင် သိသိသာသာ သက်ပြင်းမှုတ်ထုတ် လိုက်သည်။

"ငါးမိနစ် ဒါမှ မဟုတ် ငါးမိနစ်ထက် လျော့ရင်လျော့ပါစေ... ကိုယ့်လူတို့ ... သွားကြစို့"

ဂျေးလ် လော်ကာခန်းဆီသို့ ထွက်သွားစဉ် ဘယ်ရီက ခရစ်စ်ကို ခေါင်းညိတ်ပြပြီး သေနတ် ဗီရိုအောက်ဘက်က ပခုံးထမ်းအိတ် အလွတ်တစ်လုံးကို ဆွဲယူလိုက်သည်။

ခရစ်စ်လည်း ဒုတိယ အိတ်တစ်လုံးကို အမြန်ဆွဲယူကာ လက်နက်ကြီးကျည်ဆန် သေတ္တာများ ယမ်းတောင့်များ ကျည်ကပ်များကို စတင် ထည့်သွင်းလိုက်သည်။ ဘယ်ရီမှာ လက်နက်များကို သတိကြီးစွာဖြင့် ကိုင်တွယ်ရင်း တစ်ခုချင်းစီကို စစ်ဆေးနေသည်။ သူတို့၏ နောက်ဘက်တွင် ဂျိုးဆက်မှာ ဘရာဗိုအဖွဲ့ထံသို့ ထပ်မံ၍ ကြိုးစား ဆက်သွယ် ကြည့်နေသော်လည်း အကြောင်း မထူးပေ။

ခရစ်စ်မှာ ဘရာဗိုတပ်ဖွဲ့ထံမှ နောက်ဆုံး သတင်းပို့ခဲ့သည့် တည်နေရာမှာ စပန်ဆာခြံကြီး၏ အနီးမှ ဖြစ်နေခြင်းကို ထပ်တွေးမိပြန်သည်။ ဆက်စပ်မှု ရှိနေသလား... ရှိနေတယ်ဆိုရင် ဘယ်လို ဖြစ်ပြီးတော့လဲ။

ဘီလီဟာ အမ်ဘရဲအတွက် အလုပ်လုပ်ခဲ့သည်။ အမ်ဘရဲလားဟာ ဒီခြံကြီးကို ပိုင်ဆိုင်သည်။

"ရဲချုပ်လား... ကျွန်တော် ဝက်စ်ကာပါ ကျွန်တော်တို့ ဘရာဗိုအဖွဲ့နဲ့ အဆက်အသွယ် ပြတ်သွားပြီ... ကျွန်တော် ကျွန်တော့်အဖွဲ့နဲ့ ဝင်ကြတော့မ

လို့ "

ခရစ်စ်မှာ ရုတ်တရက် အယ်ဒရီနယ်လင်းများ ထကြွလာသလို ခံစားလိုက် ရပြီး ပို၍ သွက်သွက်လက်လက် လုပ်လိုက်သည် ။ စက္ကန့်တိုင်းမှာ သူ့ သူငယ်ချင်းများ သူ့အဖွဲ့သားများ ၏ သေရေးရှင်ရေး ဖြစ်နေကြောင်း သဘောပေါက်နေသည် ။

ရဟတ်ယာဉ် ပြင်းထန်စွာ ပျက်ကျမှုဆိုတာ ဖြစ်နိုင်ချေ မရှိလှပေ။ ဘရာဗို အဖွဲ့မှာ အနိမ့်ပျံသန်း သွားခြင်း ဖြစ်သလို ဖောရက်စ်ဟာလည်း ပိုင်းလော့ ကောင်း တစ်ဦးဖြစ်သည် ။ ဒါပေမဲ့ သူတို့ ရဟတ်ယာဉ် ပျက်ကျပြီးနောက် မည်သို့ ဖြစ်ပျက်လေသနည်း။

ဝက်စ်ကာမှာ ဖုန်းဖြင့် အိုင်းယွန်းဆီသို့ အကြောင်းစုံကို မြန်မြန်ဆန်ဆန် သတင်းပို့ပြီးနောက် ဖုန်းချလိုက်ကာ သူတို့ ဆီသို့ ပြန်လျှောက် လာသည် ။

"ငါတို့ ရဲ့ ရဟတ်ယာဉ် အသင့်ဖြစ်မဖြစ် သေချာအောင် သွားစစ်လိုက်ဦး မယ်... ဂျိုးဆက်... နောက်ထပ် တစ်မိနစ်လောက် ထပ်စောင့်ကြည့်ပြီးရင် စကားပြောစက်ကို ရှေ့ဘက်ကောင်တာက ကောင်လေးတွေဆီ လွှဲ ပေးလိုက်... ပြီးရင် မင်း ဒီနှစ်ယောက် ပစ္စည်းတွေ သယ်တဲ့ နေရာမှာ ဝင် ကူညီ ပေးလိုက်ပေါ့... ငါတို့ ခေါင်မိုးပေါ်မှာ တွေ့ကြမယ်"

ဝက်စ်ကာက သူတို့ ကို ခေါင်းတစ်ချက် ညိတ်ပြပြီး အမြန် ပြန်ထွက်သွား သည် ။ သူ့ခြေသံက ခန်းမထဲတွင် ကျယ်လောင်စွာ ရိုက်ခတ်နေသည် ။

"သူက တော်သားပဲ"

ဘယ်ရီက တိုးတိုးလေး ပြောလိုက်သည် ။ ခရစ်စ်လည်း သဘောတူမိ၏။ သူတို့ ၏ ကပ္ပတိန်အသစ်မှာ အလွယ်တကူ စိတ်မလှုပ်ရှား တတ်မှန်းကို မြင်လိုက်ရသည့် အတွက် စိတ်လည်း အေးသွားမိသည် ။ ခရစ်စ်မှာ ပုဂ္ဂိုလ်

ရေးအရ ဤအမျိုးသားအပေါ် မည်သို့ ခံစားရသည် ကို မသေချာသေးပေ။

သို့သော် ဝက်စ်ကာမှာ မိနစ်ပိုင်းအတွင်း သူ၏ စွမ်းဆောင်ရည်ကို ထင်ထင်ရှားရှား ပြသသွားခြင်းကို သူ လေးစားရပေမည်။

"လုပ်စမ်းပါ... ဘရာမို... မင်းတို့ ကြားရရဲ့လား... ထပ်ပြောမယ်..."

ဂျိုးဆက်မှာ စိတ်ရှည် လက်ရှည်ပင် အဆက်အသွယ်ရဖို့ ကြိုးစားနေ၏။ သူ့အသံမှာ ပူပင်သောကဖြင့် ပြည့်နေသည် ။ သူ၏ စကားသံက အခန်းထဲတွင် ဆူညံနေသော လှိုင်း အနှောင့်အယှက် သံများ ထဲတွင် ပျောက်ကွယ်သွားသည် ။

ဝက်စ်ကာမှာ လူသူကင်းမဲ့နေသော ခန်းမထဲတွင် ခြေလှမ်းကျဲကျဲဖြင့် လျှောက် လာပြီး ဒုတိယထပ်မှ ဟောင်းနွမ်း စုတ်ပြတ်နေသည့် ဧည့်စောင့်ခန်း နှစ်ခန်းကို ဖြတ်ကျော်စဉ် ဆိုဒါစက်အနီးတွင် ရပ်လျက် စကားပြောနေကြသော ယူနီဖောင်းဝတ် လူနှစ်ဦးထံသို့ ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်သည် ။

အပြင်ဘက်သို့ ထွက်သည့် တံခါးမှာ ပွင့်နေပြီး အေးမြသော လေညင်းနုလေးက အဆောက်အဦ အတွင်းဘက်ရှိ ပူအိုက်စိုထိုင်းနေသည့် လေထုထဲသို့ ဖြတ်သန်း တိုက်ခတ်လာသည် ။ အပြင်ဘက်တွင် နေအလင်းရောင် ရှိနေသေးသော်လည်း မကြာခင်မှာ ပဲ နေဝင်တော့မည်။

ဝက်စ်ကာမှာ ဖြစ်နိုင်ချေကို ကြိုတင် တွက်ဆမိပြီး ဖြစ်သော်လည်း ကိစ္စများ ရှုပ်ထွေးမသွားဖို့ မျှော်လင့်မိသည် ။

သူ လက်ဝဲဘက်သို့ ကွေ့ပြီး ရဟတ်ယာဉ်ကွင်းဆီသို့ ရောက်သည့် ကွေ့ကောက်သော စကြ်န်လမ်းအတိုင်း လျှောက်သွားလိုက်သည် ။ စိတ်ထဲကလည်း စာရင်းချလာသဖြင့် သူ့ပုံစံက ေးတိေးမော ဖြစ်နေ၏။

လုပ်ငန်းစဉ် စတင်တာ... လက်နက်တွေ... ပစ္စည်းကိရိယာ တန်ဆာပလာတွေ... သတင်းပို့တာ...

အရာအားလုံးမှာ အမိန့်အတိုင်း ဖြစ်ကြောင်း သူသိနှင့် ပြီး လေပြီ။ သို့ပေမဲ့ ဘာပဲဖြစ်ဖြစ် ထပ်သွားရဦးမည်။ တလွဲတချော် ဖြစ်ခွင့် မပေးနိုင်တော့ပေ။ တာဝန်ယူမှုမှာ သူ လျှောက်ရမည့် လမ်း အတွက် ပထမဆုံး ခြေလှမ်းဖြစ်သည် ။ သူဟာ သူ့ကိုယ်သူ အနုစိတ် တိကျသော ဖြစ်နိုင်ချေဟူသမျှကို တွက်ဆ၍ အကြောင်းရင်းများကို စေ့စေ့စပ်စပ် ချင့်ချိန်ပြီးမှ အကောင်းဆုံး နည်းလမ်းကို ရွေးချယ်တတ်သော

လူတစ်ယောက်အဖြစ် တွေးရခြင်းကို နှစ်သက်သည် ။ ထိန်းချုပ်နိုင်စွမ်းမှာ ထူးချွန်သော ခေါင်းဆောင်တစ်ဦး ဖြစ်ရန် လိုအပ်သည့် အရည်အချင်းပင် မဟုတ်ပါလား။

ဒါပေမဲ့ ဒီအမှုကို ပိတ်ဖို့ က...။

သူဟာ ဒီထက်ပိုပြီး ရှည်ရှည်ဝေးဝေး လျှောက်မစဉ်းစားမိခင် အတွေးကို ရပ်ပစ်လိုက်သည် ။ ဘယ်လို အဆုံးသတ်ရမယ် ဆိုတာ သူသိနေပြီးသား။ ပြီးတော့ အချိန်လည်း အလုံအလောက် ရှိနေဆဲပင်။ ယခု သူအာရုံစိုက်ရမည့် အရာမှာ ဘရာဗိုအဖွဲ့ကို ပြန်ရှာတွေ့နိုင်ဖို့ ဖြစ်သည် ။ ဝက်စ်ကာမှာ ခန်းမအဆုံးရှိ တံခါးကို ဖွင့်လိုက်ပြီး တောက်ပသော ညနေခင်းနေရောင်ခြည် ကျရောက်နေသည့် အပြင်ဘက်သို့ လှမ်းထွက်

လိုက်သည် ။

ရဟတ်ယာဉ်၏ ကျယ်လောင်သော စက်သံနှင့် စက်ဆီနံ့တို့ က သူ့အာရုံထဲသို့ ဝင်ရောက်လာသည် ။ ခေါင်မိုးပေါ်ရှိ သေးငယ်သော ရဟတ်ယာဉ်ဆင်းသက်ကွင်းလေးမှာ အဆောက်အဦ အတွင်းပိုင်းထက် ပိုမိုအေးမြ၍နေသည် ။ ဟောင်းနွမ်းလုပြီ ဖြစ်သော ရေစင်ကြီး၏ အရိပ်က ရဟတ်ယာဉ်

ကွင်းလေးပေါ်ကို တစ်စိတ်တစ်ပိုင်း လွှမ်းမိုးထားသည် ။ ကွင်းပေါ်တွင် အယ်လ်ဖာအဖွဲ့၏ သေနတ်ဆေးသား မီးခိုးရောင် ရဟတ်ယာဉ်ကြီးသာ

ရှိနေသည် ။

ဝက်စ်ကာမှာ ပထမဆုံးအကြိမ် အဖြစ် ဘရာဗိုအဖွဲ့မှာ မည်သည့် ဖြစ်ရပ်မျိုး ဖြစ်ပွားခဲ့လေသနည်း ဆိုသည် ကို သိချင်လာမိသည် ။

သူ မနေ့ကပဲ ဂျိုးဆက်နှင့် လူသစ်တို့ ကို ၄က်(ရဟတ်ယာဉ်) နှစ်ကောင်လုံးအား စစ်ဆေးခိုင်းခဲ့ရာတွင် အားလုံး ကောင်းမွန်ပြီး စနစ်အားလုံးအလုပ်လုပ်နေသည် ။

ဝက်စ်ကာမှာ ရဟတ်ယာဉ်ဆီသို့ လျှောက်လာရင်း ခေါင်းထဲတွင် ခုတ်မောင်းနေသော အတွေးများကို ဖယ်ထုတ် ပစ်လိုက်သည် ။

သူ့အရိပ်မှာ ကွန်ကရစ်ကြမ်းပြင် ပေါ်တွင် ရှည်လျားစွာ ကျနေ၏။

ဘာကြောင့် ဖြစ်တာလဲဆိုတာ အရေးမပါတော့။ နောက်ထပ် ဘယ်လိုကိစ္စတွေ ထပ်ဖြစ်လာဦးမလဲ ဆိုတာပဲ အရေးကြီးသည် ။ မျှော်လင့်ထားတဲ့အတိုင်းပဲ ဖြစ်ဖြစ် မမျှော်လင့်ထားတာတွေပဲ ဖြစ်ဖြစ် အရာရာတိုင်းအတွက် ကြိုတင် ပြင်ဆင်ထားရမည် ဆိုသည် မှာ S.T.A.R.S တပ်ဖွဲ့၏ အခြေခံ ဆောင်ပုဒ်ပင်တည်း။

ဘာကိုမှ မျှော်လင့်မထားဘူး။ ဒါကတော့ အဲလ်ဘတ်ဝက်စ်ကာ၏ ကိုယ်ပိုင်ဆောင်ပုဒ် ဖြစ်သည် ။ နားဝင်ချိုစရာ သိပ်မကောင်းလှသော်လည်း အလွန့်အလွန် ဆိုသည် ထက်ကို ပို၍ အသုံးဝင်လှသည် ။ ဤခံယူချက်ကြောင့် ဘယ်အရာကမှ သူ့ကို အံ့ဩသင့်အောင် မလုပ်နိုင်တော့ သလောက်ပင်။

ဝက်စ်ကာက ဖွင့်ထားသော ပိုင်းလော့တံခါးဆီသို့ လှမ်းတက် လိုက်

သောအခါ အသေအချာကို အစိမ်းရောင် သန်းနေသော မျက်နှာနှင့် ဗစ်ကာက တုန်တုန်ယင်ယင်ဖြင့် လက်မထောင်ပြသည် ကို မြင်လိုက်ရသည်။ ဝက်စ်ကာမှာ ချက်ချင်းပင် သူ့ကို နောက်ခန်းသို့ ပို့ရန် ဆုံးဖြတ်လိုက်သည်။

ခရစ်စ်မှာ လည်း ပျံသန်းခွင့် လိုင်စင်ရှိတာပဲ။ ပြီးတော့ ဗစ်ကာမှာ အလွန်သူရဲဘောကြောင်သူ အဖြစ် နာမည်ကျော်နေသည်။ နောက်ဆုံးတစ်ချက်က သူဟာ ဘေးအန္တရာယ်နှင့် ကြုံရပြီဆိုလျှင် အဖွဲ့ဖော်များက ပြန်စောင့်ရှောက် ပေးနေရမည့် လူစားမျိုး ဖြစ်နေခြင်းပင်။

ထို့နောက်တွင် သူဟာ ပျောက်ဆုံးနေသည့် ဘရာဗို အဖွဲ့အကြောင်း တွေးမိသောအခါ ဆုံးဖြတ်ချက်ကို ပြင်လိုက်၏။ ဒါဟာ ကယ်ဆယ်ရေး မစ်ရှင်ဖြစ်သည်။ ဗစ်ကာ တစ်ယောက် အဆိုးဆုံး ဖြစ်နိုင်တာဆိုလို့ ရဟတ်ယာဉ်ဆိုးဆိုးဝါးဝါး ပျက်ကျခဲ့လျှင် သူ့ကိုယ်သူ လွင့်စဉ်သွားအောင် လုပ်မိမှာ ကိုပဲဖြစ်သည်။ အဲဒါမျိုးကိုတော့ ဝက်စ်ကာ လက်ခံပေးနိုင်ပါသည်။

သူက ရဟတ်ယာဉ် ဘေးတံခါးကို ဆွဲဖွင့်ကာ ငုံ့ဝင်ပြီး နံရံများ အနီးတွင်စီတန်းချထားသည့် ပစ္စည်းကိရိယာ တန်ဆာပလာများကို အမြန် စစ်ဆေးလိုက်သည် ။ အရေးပေါ် အချက်ပြ မီးကျည်များ ... ရိုက္ခာဘူးများ ... ထို့နောက် ခုံတန်းလျား နောက်ဘက်မှ ပစ္စည်းထည့်သော အချိုင့်ခွက်ရာဗရပွနှင့် သေတ္တာကြီး၏ အဖုံးကို ဖောက်ခနဲမြည်အောင် ဆွဲဖွင့်လိုက်ပြီးအတွင်းမှ ဆေးဝါး အထောက်အကူ ပစ္စည်းများအား လှန်လှော

ကြည့်လိုက်ရင်း ခေါင်းညိတ်လိုက်သည်။ သူတို့ ထွက်ခွာဖို့ ပြင်ဆင်သည်မှာ အားလုံး အဆင်သင့် ဖြစ်နေပေပြီ။

အိုင်းယွန်းစ် တစ်ယောက် ယခုချိန် ဖြစ်ပျက်နေမည့် ပုံစံကို တွေးမိသောအခါ ဝက်စ်ကာမှာ ရတ်တရက် ပြုံးဖြီးဖြီး ဖြစ်သွားသည်။

ငနဲကြီး အခုလောက်ဆို ကြောက်ချေးပန်း နေလောက်ပြီ။ ပြေးကြည့်စရာ

မလိုပေ။ သူက နေပူရှိန်ကြောင့် ပျော့စိစိ ဖြစ်နေသော နိုင်လွန် ကတ္တာ ရာခင်းပေါ်သို့ နောက်ပြန်ဆုတ် ထွက်လိုက်ရင်း တခစ်ခစ် ရယ်လိုက်သည် ။ စိတ်ထဲတွင် လည်း အိုင်းယွန်းစ်၏ ရှင်းလင်း ပြတ်သားလှသော ရုပ်သွင်က ရုတ်တရက် ပေါ်လာသည် ။ သူ၏ ပါးစုံ့မို့မို့ကြီး နှစ်ဖက်က ဒေါသအရှိန်ဖြင့် နီတွတ်နေပြီး ချွေးများက ခြေထောက်ပေါ်သို့

တစ်စက်စက် စီးကျနေသည် ။

အိုင်းယွန်းစ်မှာ သူ့ကိုယ်သူ သူ့အနားက လူများ နှင့် အရာအားလုံးကို ထိန်းချုပ်နိုင်စွမ်း ရှိသည် ဟု တွေးရခြင်းကို နှစ်ခြိုက်သည် ။ သူသည်းမခံ နိုင်ဆုံး အရာမှာ ထိန်းချုပ်လို့ မရဘဲ ထိုအဖြစ်အပျက်ကြောင့် ငတုံးကြီး သဖွယ် ဖြစ်သွားခြင်းမျိုးကို ဖြစ်၏။

သူတို့ အားလုံး ကံဆိုးသည် မှာ အိုင်းယွန်းစ်ဟာ အာဏာ အနည်းငယ် ရှိ သော ငတုံးကြီး ဖြစ်နေခြင်းပင်။ ဝက်စ်ကာမှာ ရက်ကွန်းစီးတီးသို့ ပြောင်းရွှေ့တာဝန်မယူခင် ကတည်းက အိုင်းယွန်းစ်ကို သတိကြီးစွာဖြင့် စောင့်ကြည့်ခဲ့သည် ။ ထို့နောက်တွင် ရဲချုပ်၏ လူသိမခံနိုင်သော အကြောင်းအရာ အနည်းငယ်မျှ သိလာခဲ့သော်လည်း သူဟာ ဒီ အချက်အလက်တွေကို အသုံးချဖို့ ရည်ရွယ်ချက် မရှိပေ။ သို့သော်

အိုင်းယွန်းစ်ကသာ နောက်ထပ် တလွဲတချော်လုပ်ဖို့ ကြိုးစားလာလျှင် တော့ ဝက်စ်ကာမှာ နှောင့်နှေးခြင်းမရှိဘဲ ဖွင့်ချရပေလိမ့်မည်။

ဒါမှ မဟုတ် အနည်းဆုံးတော့ ငါ့မှာ လုပ်ပိုင်ခွင့် ရှိတယ်ဆိုတဲ့ အကြောင်း ကို သူ့ကို ပြောပြလိုက်တာနဲ့ လမ်းကြောင်းရှင်းသွားမှာ အသေအချာပဲ။

ဘယ်ရီမှာ လက်နက်ခဲယမ်းအိတ် အများ အပြားကို သယ်လျက် ကွန်ကရစ် ကြမ်းပြင်ပေါ်တွင် လျှောက်လာသည် ။ သယ်ဆောင်လာသော လေးလံလှသည့် ကင်းဗိတ်အိတ်ကြီးကို ရဟတ်ယာဉ်ပေါ်သို့ မတင်သည့်

အချိန်တွင် သူ၏ အလွန်ကြီးမားလှသော လက်မောင်း ကြွက်သားကြီးများကို အတိုင်းသား မြင်နေရသည် ။ ခရစ်စ်နှင့် ဂျိုးဆက်က နောက်မှ လိုက်လာသည် ။ ခရစ်စ်မှာ လက်ကိုင် သေနတ်များကို သယ် လာပြီး ဂျိုးဆက်မှာ ဗုံးသီးပစ်

လောင်ချာလေးကို ပခုံးတစ်ဖက်တွင် လွယ်လျက် အာပီဂျီ အိတ်များကို တရွတ်တိုက် ဆွဲယူလာသည် ။

ဝက်စ်ကာမှာ ဘယ်ရီ၏ အင်အားကြီးမားမှုကို ရင်သပ်ရှုမော ဖြစ်နေမိသည် ။ အယ်လ်ဖာ တပ်ဖွဲ့ဝင်ကြီးမှာ ရဟတ်ယာဉ်ပေါ် တွယ်တက် လာပြီး အိတ်များကို ပေ့ါပေ့ါပါးပါး နေရာချနေပုံက ပေါင်တစ်ရာကျော် အလေးချိန်ရှိသည့် အိတ်များ မဟုတ်သည့် အတိုင်းပင်။

ဘယ်ရီမှာ ထက်မြက်သူ တစ်ဦးဖြစ်သည် ။ S.T.A.R.S တပ်ဖွဲ့တွင် ကြွက်သား ဆိုသည် မှာ သေချာပေါက်ကို ပိုင်ဆိုင်ကြသည့် အရာဖြစ်သည် ။ သူ့အဖွဲ့မှ တခြား အဖွဲ့သားများမှာ လည်း လှပသော ကိုယ်ခန္ဓာ အချိုးအစား ရှိကြသည် သာပင်။ သို့သော် ဘယ်ရီနှင့် နှိုင်းယှဉ်မည် ဆိုပါက သူတို့အားလုံးမှာ ဆင်နှင့် ဆိတ်လို ဖြစ်သွားကြသည် ။

သူတို့ သုံးယောက် ပစ္စည်းတွေကို နေရာချနေကြစဉ် ဝက်စ်ကာမှာ ဂျေးလ်လာနေပြီလား ကြည့်ရန် တံခါးဆီသို့ အာရုံရောက်သွားသည် ။ သူက လက်ပတ်နာရီကို ကြည့်ရင်း မျက်မှောင်ကြုတ် လိုက်၏။ သူတို့ မှာ ဘရာဗို တပ်ဖွဲ့နှင့် နောက်ဆုံးအကြိမ် အဆက်အသွယ် ရခဲ့ချိန်မှ စ၍ ငါးမိနစ်မပြည့်သော အချိန်လေးတွင် အကောင်းဆုံး စီမံပြင်ဆင်ခဲ့ကြသည် ။

"ဒါဖြင့် ဗယ်လင်တိုင်းက ဘယ်ချောင်ကို သဝေထိုးနေတာလဲ"

ဝက်စ်ကာမှာ ဂျေးလ် ရက်ကွန်းမြို့သို့ ရောက်လာကတည်းက အပြန်အလှန် ပြောဆို ဆက်ဆံမှုမျိုး သိပ်မရှိခဲ့ပေ။ သို့သော် သူမမှာ

မှတ်တမ်းထဲတွင် အလွန်အမင်း ချီးမွမ်းခန်း ဖွင့်ခံထားရသည် ။ ဂျေးလ်မှာ သူမနှင့် အတူ အလုပ်လုပ်ကိုင်ဖူးသူ အားလုံးထံမှ အမြင့်ဆုံး ထောက်ခံမှု မှတ်ချက်ပေးမှုများ ရရှိထားခဲ့သည် ။

ဂျေးလ်၏ နောက်ဆုံး ကပ္ပတိန်ကလည်း သူမမှာ အလွန် ဉာဏ်ရည်ဉာဏ်သွေး မြင့်မားပြီး သေရေးရှင်ရေး အချိန်များ ၌ပင် "ထူးထူးခြားခြား" တည်ငြိမ်သူအဖြစ် ချီးကျူးထားသည် ။ သူမ၏ နောက်ကြောင်း ရာဇဝင်ကို ကြည့်ပါက အံ့သြစရာ မဟုတ်ပေ။ သူမအဖေ ဒစ်ဗယ်လင်တိုင်းမှာ လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခု အချိန်လောက်က စီးပွားရေးလောကတွင် အကျော်ကြားဆုံး သူခိုးကြီးတစ်ဦးဖြစ်သည် ။ သူက ဂျေးလ်ကို သူ့ခြေရာ

နင်းနိုင်အောင် လေ့ကျင့်ပေးခဲ့သည် ။ ဖခင်ဖြစ်သူ ထောင်ကျသည့် အချိန်ထိ သူမမှာ အတော်လေး ကောင်းကောင်း လုပ်ခဲ့ကြောင်း သတင်းထွက်ခဲ့သည် ။

အရွယ်နှင့် မလိုက်အောင် ထူးချွန်သော ပါရမီရှင်လေးတစ်ဦး ဟုတ်သည် ဖြစ်စေ မဟုတ်သည် ဖြစ်စေ သူမအနေနှင့် နာရီကောင်းကောင်း တစ်လုံးလောက် ဝယ်ဖို့ တော့ တတ်နိုင်လောက်ပါသည် ။

ဝက်စ်ကာမှာ ဂျေးလ်တစ်ယောက် ဖင်လေးမနေပဲ ပစ္စည်းတွေ သယ်ပြီးလာပါစေဟု ကျိတ်၍ ဆုတောင်းလိုက်ရင်း ဗစ်ကာထံသို့ ရဟတ်ယာဉ်ပန်ကာ စတင် လည်ပတ်ရန် အချက်ပြလိုက်သည် ။ ထိုနေရာတွင် ဘယ်လိုဆိုးဝါးတာတွေ ဖြစ်ပျက်နေသလဲဆိုတာ ရှာဖွေရမည့် အချိန်ပင်။

***